# ဓမ္မပညာ

**အထောက်အကူပြု – လစဉ်ထုတ်စာစောင်**

**PULPIT & BIBLE STUDY HELPS**

**အတွဲ (၁၀)၊ အမှတ်(၁၀)၊ အသင်းတော်အတွင်းကန့်သတ်ထုတ်ဝေသည်၊ အောက်တိုဘာလ၊ ၂၀၀၈ခုနှစ်၊**


# ဘုရားသခင်၏ထင်ရှားပြခြင်း



ဘာသာတရားသည် တစ်ခုနှင့်တစ်ခုမတူညီပါ။ ဘာသာမတူသော်လည်း၊ လူလူချင်း တစ်ဦးနှင့်တစ်ဦး အကျိုးဖြစ်ဖို့ရန် ပေါင်းသင်းနိုင်သည်။ ဘာသာမတူစေကာမူ၊ တစ်ဦးနှင့်တစ်ဦး ပေါင်းဖက် မိတ်ဖွဲ့နိုင်သူကို လိမ္မာသောသူ ဟုဆိုနိုင်ပါသည်။ ထိုအတူ လောကကြီးထဲ၌ ဆွေမျိုးသားချင်း များနှင့်လည်း အသက်အရွယ် မတူ၊ ပညာအဆင့်အတန်းမတူ၊ အသိပညာမတူ၊ အကြိုက်ခြင်းမတူစေကာမူ၊ အတူတူဝိုင်းဖွဲ့သောက်ပြီး သောက်ကြရာ၌ အချို့က အချိုကြိုက်သည်။ အချို့က အစပ်ကြိုက်သည်။ စားသောက်ဖွယ်ရာ ရောင်းကြသူများကလည်း တစ်ယောက်နှင့်တစ်ယောက် လူမျိုးမတူ၊ စားသောက်အစာ မတူသော်လည်း အကျိုးစီးပွား ဖြစ်ကြဖို့ တစ်ဦးနှင့်တစ်ဦး တွဲဖက်လုပ်ဆောင် ကြသည်။ ထိုသို့ပြုကြခြင်းသည် အပေးအယူလုပ်နေခြင်းမဟုတ်၊ သူလည်းအကျိုးရှိ၊ ကိုယ်လည်းအကျိုးရှိ သဘောမျိုးဖြင့် နှစ်ဦးစလုံး ကိုယ်စီအကျိုးရှိကြဖို့ရန် လိမ္မာစွာပြုကြခြင်း ဖြစ်ပါသည်။

**နှုတ်ကပတ်တော်ကိုစိတ်ချပါ**

ယနေ့ခရစ်ယာန်များ၊ ဂိုဏ်းဂဏကွဲကြသော်လည်း၊ ကိုးကွယ်သော ဖခင်တစ်ဦးတည်းသာရှိသည်။ ကျမ်းစာအုပ်ကလည်း တစ်အုပ်တည်းသာ ကိုင်တွယ်ဖတ်ရှုကြသော်လည်း၊ ပေါင်းဖက်မိတ်သဟာယပြုရာ၌ အားနည်းကြသည်။ တစ်ဦးနှင့်တစ်ဦးတစ်ဖွဲ့နှင့် တစ်ဖွဲ့စည်းခြားထားကြသည်မှာ သံကြိုးကွင်းများထက် ခိုင်ခန့်ကြသည်။ ကောင်းကင်ဘုံရှင်ဘုရားသခင်သည် မည်မျှဝမ်းနည်း မည်ကို သတိပြုသင့်ကြပေသည်။ ထိုသို့ကွဲပြားမှုကြောင့် ယုံကြည်မှုကိုလည်း ကွဲပြားစေသည်။ လူတစ်ဦးနှင့်တစ်ဦး ညီညွတ်မှုနှင့် ပေါင်းစည်းမှုသည် ယုံကြည်မှုကို ပံ့ပိုးပေးသည်။ တမန်တော်ကြီး ရှင်ပေါလုက လောကီပညာရှိသလို၊ ဓမ္မပညာလည်းရှိသူ

> **တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့် တစ်ဖွဲ့ စည်းခြားထားကြသည်မှာ သံကြိုးကွင်းများထက် ခိုင်ခန့်ကြသည်။ ကောင်းကင်ဘုံရှင် ဘုရားသခင်သည် မည်မျှဝမ်းနည်း မည်ကို သတိပြုသင့်ကြပေသည်။**

ဖာရိရှဲဖြစ်သည်။ လူကုံထံ၊ ကြွယ်ဝသူတစ်ဦးလည်း ဖြစ်သည်။ လူမျိုးအားဖြင့်လည်း ဟေဗြဲလူစစ်ဖြစ်သည်။ သို့သော် ဇာတိသဘောအတိုင်း အသက်မရှင် ခရစ်တော်နည်းတူ အသက်ရှင်ခဲ့သော တမန်တော်ကြီး ဖြစ်သည်။ သူ၏ဖြစ်တည်ခြင်းတို့က ဇာတိ၌ မောက်မာနိုင်ခွင့်ရှိသော်လည်း ဇာတိသဘော၌ မဝါကြွားပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော် အပေါ်၌ အကြွင်းမဲ့ အမှီပြု၍ စိတ်ချသောသူဖြစ်ပါသည်။ ယနေ့ ယုံကြည်သူများ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စိတ်ချကြပါရဲ့လား။ ထိုမေးခွန်းကို မိမိတို့ကိုမိမိတို့ ပြန်၍မေးကြဖို့ လိုပါသည်။ အချို့က ဘယ်လိုလုပ်ပြီး စိတ်ချနိုင်မလဲဟု ဆိုကြပါသည်။ အချို့ကလည်း ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စိတ်ချပါဟု သင်ထားပေး၍ မေးသည့်အခါ ဦးနှောက်အသိနှင့် စိတ်ချပါသည်ဟု ဖြေကြသောသူများလည်း ရှိပါသည်။ အချို့သောသူများမှုကား ကျမ်းစာကျောင်းလည်းတက်၊ ဘွဲ့များစွာ ရထားပြီးမှ သာသနာ၌ ဥက္ကဌကြီး၊ သင်းလူကြီးဖြစ်ပါသော်လည်း သမ္မာကျမ်းစာအပေါ်၌ စိတ်ချပါသလားဟု မေးသည့်အခါ စာကဲ့သို့ ရေးသားဖော်ပြထားသော ဤကျမ်းစာပေါ် ဘယ်လို စိတ်ချရမလဲ၊ ဘယ်လိုစိတ်ချနိုင်မလဲဟု ပြောဆိုတတ်ကြသည်။ ထိုသူတို့၏နှလုံးသားထဲ၌ နှုတ်ကပတ်တော်မရှိ။ ဦးနှောက်အသိထဲ၌သာ ကျမ်းစာအသိတရားနှင့် ပြည့်နေသောသူများ ဖြစ်ကြသည်။ နှလုံးထဲ၌ နှုတ်ကပတ်တော်ကို ယုံ၍ စိတ်ချသူများက ဂတိတော်အပေါ်၌ အမှီပြုအသက်ရှင်သဖြင့် သက်သေများစွာရကြပြီးမှ ထိုသက်သေကိုကြားပြောသော်လည်း ကျမ်းစာကို ဦးနှောက်အသိနှင့် ခံယူထားသောသူက မိမိမမြင်၍ မယုံ၊ လက်မခံနိုင်၊ မိမိကလက်တွေ့သမားဖြစ်သည်။ မြင်ရမှ ယုံနိုင်မည်ဟု ဆိုတတ်ကြပါသည်။ ကျမ်းစာကို ဦးနှောက်ထဲ၌သာ သိထား၊ တတ်ထားသောသူများတို့က ပြဿနာအခက်အခဲနှင့် တွေ့သည့်အခါ နတ်ဆီပြေးကြသည်။ ဗေဒင်မေးတတ်ကြသည်။ ထိုသူတို့က ကျမ်းစာကို တတ်ကြပါသော်လည်း နှုတ်ကပတ်တော် အလင်းမရှိကြ။ ကျမ်းစာကို ဦးနှောက်ထဲ၌သာ များစွာသိ

ထားသူနှင့် နှလုံးထဲ၌ သိရှိခံယူ၍ ယုံ ကြည်သူနှစ်ဦးသည် အသက်တာ၌ များစွာခြားနားပါသည်။ ကျွန်ုပ် တို့သည် ဘုရားသခင်၏နှုတ်ကပတ် တော်ကို စိတ်ချယုံကြည်နိုင်ဖို့ရန် သက်သေ အထောက်အထားနှစ်မျိုး ကို ပေးပါသည်။ ပထမတစ်မျိုးမှာ ရေးသားထားသော နှုတ်ကပတ်တော် ဖြစ်သည်။ ထိုအထဲ၌ အမှန်ဖြစ်ရပ် များကို ကျွန်ုပ်တို့ ဆင်ခြင်၍ အားယူ နိုင်ဖို့၊ ယုံနိုင်ဖို့ရန် စာထက် အက္ခရာ တင်ထားသည်။ နောက်တစ်မျိုးမှာ နှုတ်ကပတ်တော်အတိုင်း အသက် ရှင်နေသူများကို ကြည့်ဖို့ဖြစ်သည်။

## နှုတ်ကပတ်တော်အတိုင်း အသက်ရှင်ပါ

နှုတ်ကပတ်တော် အတိုင်း အသက်ရှင်နေသူ၌ မုဆိုးမဖြစ်စေ၊ အမှုတော်ဆောင်ကြီး ဖြစ်စေ၊ သာ မန်ယုံကြည်သူဖြစ်စေ သက်သေရှိ ပါသည်။ မုဆိုးမတစ်ဦးဖြစ်စေကာမူ ဆယ်ဖို့တစ်ဖို့ကို သစ္စာရှိစွာ ပေးခြင်း အားဖြင့် နှုတ်ကပတ်တော်အတိုင်း ဘုရားရှင်က သက်သေထူ ကောင်း ကြီးပေးသဖြင့် စားဖို့၊ သောက်ဖို့ ပူ စရာမလို ဖူလုံရုံမျှမက ကိုယ်ပိုင်အိမ် ယာနှင့်စီးပွားဖြစ်ပြီး၊ အခြား အလုပ် ကြီးအကိုင်ကြီး ရှိသူများက သူထံ၌ လာချေးငှားရသည်။ ထိုသက်သေက နှုတ်ကပတ်တော်အတိုင်း အသက် ရှင်နေသူ၌ တွေ့ရသော နှုတ်ကပတ် တော်၏သက်သေ ဖြစ်သည်။ ယနေ့ အချို့သော ခရစ်ယာန်များ အသက် တာ၌ ကျမ်းစာများစွာ သိကြသော် လည်း သက်သေမရှိ။ ဘုရားသခင် သည် မေတ္တာတော်ရှင် ဖြစ်သည်။ အရာခပ်သိမ်းကို တတ်နိုင်သည်။ လို အပ်သမျှ ပေးနိုင်သောဘုရားဖြစ် သည်ဟု ပြောဆို သက်သေခံနေကြ သော်လည်း ကြက်သွန်နီက အစ အ ခြားသူများထံမှ ချေးယူနေကြသော သူများရှိကြသည်။ ထိုသူများကို အ ခြား မယုံကြည်သူများ ကြည့်ပါက ဘုရားသခင်၏သက်သေကို မတွေ့ ရပေ။ သခင်ယေရှု ကောင်းကင်မ တက်မီ တပည့်တော်များအား မိန့် မှာသည်မှာ သင်တို့သည် ငါ၏သက် သေဖြစ်ကြလိမ့်မည်ဟူ၍ ဖြစ်သည်။ ငါ၏သက်သေကို လျှောက်၍ ခံပါဟု ဆိုခဲ့ခြင်း မဟုတ်ပါ။ ယနေ့ အများ သော အမှုတော်ဆောင်တို့သည် ကိုယ်အကြောင်းလျှောက်၍ သက် သေခံနေကြသော်လည်း၊ သူတို့အ သက်တာ၌ အသက်ရှင်နေသော ခရစ်တော်၏သက်သေမရှိ ဖြစ်နေ ကြသည်။ ဘုရားသခင်သည် မိမိလူ များအာ အခြားသူများက ကြည့်ပါက ခရစ်တော်၏မေတ္တာ၊ ခရစ်တော်၏ သစ္စာကို တွေ့မြင်စေလိုသော်လည်း သူများအသက်တာ၌ မည်သည့် သက်သေမျှ မတွေ့ရ။ ခရစ်တော်အ ကြောင်း သက်သေခံနေကြသည်မှာ စကားသက်သက်သာ ဖြစ်နေသည်။ အချို့သော ကျမ်းတတ်ပုဂ္ဂိုလ်များ၊ တစ်နေရာပြီး တစ်နေရာလျှောက် သွားကာ ကျမ်းစာ သင်ပေးနေကြ သည်။ အချို့ကလည်း လက်ရှိလုပ် နေသည့်အလုပ်ကိုပင် ထားခဲ့ပြီး အ မှုတော် ဆောင်လုပ်ကြသည်။ များ မကြာမီ အ ခက်အခဲကြုံပြီး၊ စားစရာ မရှိဘဲ ငတ်မွတ်ကြသည်။ အဘယ် ကြောင့် ထိုသို့ဖြစ်နေကြပါသနည်း။

> *ဘုရားသခင်သည် မေတ္တာတော်ရှင်ဖြစ်သည်။ အရာ ခပ်သိမ်းကို တတ်နိုင်သည်။ လိုအပ်သမျှပေးနိုင်သော ဘုရားဖြစ်သည်ဟု ပြောဆိုသက်သေခံ နေကြသော်လည်း ကြက်သွန်နီက အစ အခြားသူများထံမှ ချေးယူနေကြသော သူများရှိကြသည်*

> *ထာဝရဘုရားသည် အသက်ရှင်သောဘုရား၊ ဂတိတည် သောဘုရား ဖြစ်သည်။ လူသည် ဂတိဖျက်သော်လည်း ဘုရားသခင်သည် မိမိထားသော ဂတိတော်ကို မဖျက် အစဉ်တည်စေသော ဘုရားသခင် ဖြစ်ပါသည်။*

နှုတ်ကပတ်တော် မှန်ကန်မှု၏သက် သေ ဖြစ်ပါသည်။ ထိုသူတို့က ကိုယ် တွေ့ နှုတ်ကပတ်တော် သက်သေ မရှိ။ သူတို့ သက်သေခံချက်များက စကားသက်သက်သာ ဖြစ်နေသည်။

## နှုတ်ကပတ်တော်၏ သက်သေကိုမြင်၍

ယောရှုနှင့် ကာလက်တို့ နှစ် ဦးသည် လူငယ်များပင် ဖြစ်ကြသည်။ သို့သော် မောရှေနှင့်အတူ လိုက် လျှောက် အသက်ရှင်လာရင်း၊ ဘုရား သခင်၏ အံ့ဩဘွယ်သက်သေတို့ကို တစ်ခုပြီးတစ်ခု မျက်မြင်တွေ့ကြုံခံ စားခဲ့ကြရပြီးမှ ဘုရားသခင် နောက် တော်သို့ လိုက်ခဲ့ကြခြင်း ဖြစ်သည်။ ယနေ့ အချို့သောသားသမီးများက မိဘနှင့်အတူ အသက်ရှင်စဉ် ဘုရား သခင်နှင့် လျှောက်သော မိဘတို့၏ သက်သေတို့ကို မြင်သော်လည်း အ လေးမထား၊ ဘုရားသခင်၏ အံ့ဩ ဘွယ် ကွယ်ကာမှု၊ ကျွေးမွေးမှု၊ မစမှု တို့ကို မျက်မြင်တွေ့ရသော်လည်း ဂရု မပြု။ ထိုကဲ့သို့ အသက်တာကို ပေါ့ ဆစွာ အသက်ရှင်ခဲ့မိကြသော သား သမီးများ အမေအဖေတို့ ကွယ်လွန် သွားကြသောအခါ အခက်အခဲနှင့် ဒုက္ခကြုံရသည့်အခါ ဆုံးရှုံးပြီး ဘဝ ပျက်ကြရသည်။ မိဘတို့ရှိစဉ်က ဟန် ကျသော်လည်း၊ သားသမီးလက် ထက် ရောက်လာသည့်အခါ အကျိုး နည်းဖြစ်ကြရသည်။ အချို့က မိဘ များထံမှ အမွေများစွာ ရလိုက်ပါ သော်လည်း ကောင်းစွာ မထိန်းသိမ်း တတ်၍ ပျောက်ပျက်သွားကြရပါ သည်။ မိဘအမွေဟူသည် စားထိုက် မှ ခံစားထိုက်မှ ခံစားရသောအရာ ဖြစ်သည်။ မိဘတို့က နှုတ်ကပတ် တော်အတိုင်း အသက်ရှင်ခဲ့ကြသော် လည်း သားသမီးတို့က နှုတ်ကပတ် တော်အတိုင်းအသက်ရှင်မှုလမ်းကို မလိုက်။ ယနေ့ ဘုရားသခင်သည် အသက်ရှင်နေသော်လည်း ထိုသို့အ သက်ရှင်နေကြောင်း သက်သေကို ကျွန်ုပ်တို့အသက်တာ၌ မခံစားရပါ က အရှုံးဖြစ်သည်။ နှုတ်ကပတ်တော် က ဆယ်ဖို့တစ်ဖို့ ပေးဖို့ ပြောသည်။ ထိုသို့ပေးကြပါက ကြွယ်ဝစွာသော ကောင်းကြီးများ ဘုရားသခင် သွန်း လောင်း ချပေးမည့်အကြောင်း ဂတိ ထားပါသည်။ ထိုသို့ဂတိထားပါလျက် နှင့် ရသောလခက နည်း၍ မပေးနိုင် ဟု ဆိုပြီး မပေးကြသဖြင့်၊ ရသော လခနှင့် သုံး၍မလောက်၊ အကြွေး တက်နေကြသော ယုံကြည်သူများ စွာရှိပါသည်။ ထိုသူတို့က အသက် တာတွင် ဆယ်ဖို့ တစ်ဖို့ပေးခြင်း၏ ကောင်းကြီးခံစားရသော သက်သေ မရှိသူများဖြစ်သည်။ အချို့က ဆယ် ဖို့ တစ်ဖို့မပေးကြသော်လည်း သွန် သင်ချက်ကို ကြား၍ နားလည်ပြီး နောက် ဆယ်ဖို့တစ်ဖို့ကို သစ္စာရှိစွာ ပေးကြည့်သည့်အခါ တစ်နှစ်အတွင်း အကြွေးရှိသမျှ ကြေသွားရုံသာမက ကောင်းကြီးသက်သေကိုပါ ခံစားရ သည်။ နှုတ်ကပတ်တော်အတိုင်း လိုက်လျှောက် အသက်ရှင်ခြင်း၏ အကျိုးဖြစ်ပါသည်။ ထာဝရဘုရား သည် အသက်ရှင်သောဘုရား ဂတိ တည်သောဘုရားဖြစ်သည်။ လူသည် ဂတိဖျက်သော်လည်း ဘုရားသခင် သည် မိမိထားသော ဂတိတော်ကို မဖျက် အစဉ်တည်စေသော ဘုရား

သခင် ဖြစ်ပါသည်။

**ဘုရားသခင်၏ထင်ရှားပြခြင်း**

***"ငါပညတ်တို့ကိုရ၍စောင့်ရှောက်သောသူသည် ငါ့ကို ချစ်သောသူဖြစ်၏။ ငါ့ကို ချစ်သောသူကို ငါ့ခမည်းတော်သည် ချစ်တော်မူမည်။ ငါသည်လည်း ထိုသူကို ချစ်၍ သူ့အား ကိုယ်တိုင်ထင်ရှားမည်ဟု မိန့်တော်မူ၏" (ယော၊ ၁၄း၂၁)။***

နှုတ်ကပတ်တော်ကို စောင့်ရှောက်၍ နှုတ်ကပတ်တော်သက်သေကို နေ့စဉ် ခံစားနေသောသူ တစ်ဦးအား အခြားသူတစ်ဦးက နှုတ်ကပတ်တော်ကို စိတ်ချစွာ အမှီပြုနိုင်ပါသလားဟု မေးလျှင် ထိုသူက မဆိုင်းမတွပင် စိတ်ချနိုင်ကြောင်း အဖြေပေးမည်ဖြစ်သည်။ ထိုအခါ နှုတ်ကပတ်တောတ်၏သက်သေကို တစ်ကြိမ်တစ်ခါမျှ မခံစားရသူက မိမိသည် ငယ်ရွယ်စဉ်ကပင် ခရစ်ယာန်ဖြစ်သည်။ သို့သော်၊ သက်သေကို တစ်ခါမှမခံစား။ ထို့ကြောင့်၊ နှုတ်ကပတ်တော်ကို စိတ်ချစွာ အမှီပြုနိုင်သည်ဟု ဆိုခြင်းမှာ မဖြစ်နိုင်ဟု ဆိုတော့မည်ဖြစ်သည်။ ယနေ့ ယုံကြည်သူများ အခြေအနေက မဆီလျော်မှုဖြစ်နေပါစေ၊ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်ပါ။ ထိုအခါ ဘုရားသခင်၏ဂတိတော်နှင့်အညီ နှုတ်ကပတ်တော်က သက်သေထူ သွားမှာဖြစ်သည်။ (၄ရာ ၅)တွင် ရှုရိရှင်ဘုရင်၏ ဗိုလ်ချုပ်မင်း နေမန်အိမ်၌ ဣသရေလအမျိုး မိန်းမငယ်သည် ကျွန်အဖြစ် ရှိနေပါသည်။ ထိုမိန်းမငယ်သည် ကျွန်မအဖြစ် ရောက်နေသော်လည်း ဘုရားသခင်နှင့်အတူ သွားလာသောသူဖြစ်ကြောင်း တွေ့ရသည်။ အကြောင်းမှာ ဗိုလ်ချုပ်မင်း နေမန်သည် သူ့လူမျိုးကို တိုက်ခိုက်၍ အနိုင်ယူပြီး၊ မိန်းမငယ်မှာ ကျွန်ဖြစ်နေသော်လည်း မိမိသခင်ကို ချစ်၍ မေတ္တာထားကြောင်း တွေ့ရသည်။ နေမန်သည် ဗိုလ်ချုပ်ဖြစ်နေသော်လည်း နူနာစွဲနေသဖြင့် ရှမာရီမြို့၌ ပရောဖက်သည် သခင့်၏နူနာကို ပျောက်စေနိုင်သည်ဟု ဆိုပါသည်။ ထိုအခါ၊ နေမန်သည် ပရောဖက်ပြောသည့်အတိုင်းသွား၍ ပြုသဖြင့် နူနာ ပျောက်ကင်းသွားပါသည်။ ကျွန်မကလေးသည် အခြေအနေက ကျွန်မ ဖြစ်နေသော်လည်း၊ ဘုရားသခင့်အပေါ်၌ ထားသော သူ၏ယုံကြည်ချက် နှလုံးသားကို မပျက်စေပါ။ ထို့အတူ (တရား ၆)တွင်လည်း၊ ဂိဒေါင်အမည်ရှိ လူငယ်လေးတစ်ဦးကို တွေ့ရသည်။ ထိုအချိန် ဣသရေလလူတို့၌ ဘုရားသခင့်သက်သေ မရှိသကဲ့သို့ ဖြစ်နေသည်။ ဂိဒေါင်သည် ဘုရားသခင်၏ အကြောင်းကို စဉ်းစားနေပြီး ထိုဘုရားကို တွေ့လိုသောဆန္ဒကြောင့် ဘုရားသခင်က သူ့ကို အတွေ့ခံ မိတ်သဟာယဖွဲ့ပါသည်။ ထိုအခါ၊ ဂိဒေါင်အား ဣသရေလလူတို့အား မိဒျန်လူတို့လက်မှ ကယ်နှုတ်ဖို့ရန် ခေါင်းဆောင်ဖို့ စေခိုင်းပါသည်။ ဘုရားသခင်ကို စိတ်နှလုံးထဲ၌ ဆင်ခြင်၍ အာရုံပြုနေသော လူငယ်လေးအားဖြင့်၊ ဣသရေလလူတို့ကို မိဒျန်လူတို့၏ကျွန်အဖြစ်မှ ကယ်နှုတ်ခဲ့ပါသည်။ ယနေ့ ကျွန်ုပ်တို့အသက်တာ၌ လူ့မြင်မှာ အားနည်းသည်ဟု ထင်ရသောလည်း၊ ကိုယ်တော်ဘက်သို့ လှည့်ပါ။ ကိုယ်တော်ကို ခေါ်ပါ။ ကိုယ်တော်ထံမှ သက်သေကိုရသည် အထိ အမှီပြုကိုးစားပါ။ မည်သည့် သက်သေနည်း။ ဘုရားသခင်၏ ကိုယ်ထင်ရှားပြခြင်း သက်သေဖြစ်သည်။ ယနေ့သည် ပြဿနာအမျိုးမျိုး ခဲယဉ်းမှုအဖုံဖုံနှင့် ကြုံနေရသော အချိန်ကာလ ဖြစ်သည်။ မုန်တိုင်းဘေးကြောင့် လူအများဒုက္ခရောက်ကြချိန်၌ ဘုရားသခင်က နှလုံးသားကို ကြည့်၍ မစသဖြင့်၊ ကောင်းကြီးခံစားရသောသူများ၊ ဘေးလွတ်လုံခြုံသောသူများ ရှိကြပါသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့ အသက်တာ၌ မည်ကဲ့သို့သောအမှုကို တွေ့ကြုံကြပါစေ၊ အခြေအနေကို မကြည့်ဘဲ အသက်ရှင်သော ဘုရားသခင်ကိုသာ အာရုံပြု၍ ကိုယ်တော်ကို ကိုးစားခိုလှုံခြင်းအားဖြင့် ကိုယ်တော်၏ သက်သေထင်ရှားပြခြင်းကို ခံစားရဖို့ရန် အလေးဂရုပြု ကြဖို့ရန် မေတ္တာနှင့် အသိပေးဝေငှလိုက်ပါသည်။

**နာမတော်မြတ်၌**
**ညီအစ်ကိုကြီးDr တင်မောင်ထွန်း**

> ***ကျွန်ုပ်တို့အသက်တာ၌ လူ့မြင်မှာ အားနည်းသည်ဟု ထင်ရသောလည်း၊ ကိုယ်တော်ဘက်သို့ လှည့်ပါ။ ကိုယ်တော်ကို ခေါ်ပါ။ ကိုယ်တော်ထံမှ သက်သေကိုရသည် အထိ အမှီပြုကိုးစားပါ။***

## သက်သေခံချက်

ရှေးဦးစွာ သက်သေခံခွင့်ပေးသော ဘုရားသခင်ကို ချီးမွမ်းပါတယ်။ ကျွန်တော် အလုပ်မရှိတာ တစ်နှစ်နဲ့သုံးလကြာခဲ့ပါတယ်။ ကိုယ့်ကိုကိုယ် အားကိုးပြီး အလုပ်ရှာခဲ့ပါတယ်။ မရခဲ့ပါဘူး။ နောက်ဆုံးတော့ ဘုရားသခင်ကို အားကိုးပြီး (၈)မိုင်ညီအစ်ကိုများအသင်းတော်မှာ ဆုတောင်းခံခဲ့ပါတယ်။ ဆရာတွေဆုတောင်းပေးလို့ အလုပ်ရရှိခဲ့ပါတယ်။ တစ်လကို သုံးသောင်းနဲ့စပြီး လုပ်ရပါတယ်။ မိသားစုများလို့ သုံးသောင်းနဲ့ မလောက်နိုင်ဘူးဆိုတာကို သိပေမဲ့ အလုပ်မရခင် ဆရာကြီးဦးတင်မောင်ထွန်းရဲ့ ဝေငှချက်လေးကို ပြန်ပြီး သတိရခဲ့မိပါတယ်။ "သုံးသောင်းနဲ့သစ္စာရှိရှိ အလုပ်ကို လုပ်ကြည့်ပါ။ လိုအပ်တာတွေကို ဘုရားသခင် ဖြည့်ပေးပါလိမ့်မယ်" လို့ ဆရာကြီးပြောတဲ့အတိုင်း ကျွန်တော်လဲနာခံပြီး လစာငွေသုံးသောင်းနဲ့ သစ္စာရှိရှိ အလုပ်လုပ်ခဲ့ပါတယ်။ ဒီလိုနဲ့ သုံးလပြည့်တဲ့အချိန်မှာ သူဌေးက ကျွန်တော့ကို အရမ်းသဘောကျပြီး သာမန်ဝန်ထမ်း အဆင့်ကနေ မန်နေဂျာရာထူးအထိ တိုးမြှင့်ပေးခဲ့ပါတယ်။ မယုံနိုင်လောက်တဲ့ ဘုရားသခင်ရဲ့ ချီးမြှောက်ခြင်းကို ခံရလို့ ကျေးဇူးတော်ကို ချီးမွမ်းမိပါတယ်။ အခုဆိုရင် လစာသုံးသောင်းကနေ သိန်းနဲ့ချီပြီး ရရှိနေပါပြီ။

ကျွန်တော်တို့ မိသားစု အိမ်ငှားဘဝနဲ့ နေလာတာ (၁၆)နှစ်ရှိပါပြီ။ အိမ်ပိုင်နဲ့ နေရဖို့အတွက်လဲ (၈)မိုင် ညီအစ်ကိုများအသင်းတော်မှာဘဲ ဆုတောင်းခံခဲ့ပါတယ်။ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် အခုဆိုရင် ကိုယ့်မှာရှိတဲ့ငွေအနည်းငယ်လေးနဲ့ ဈေးနှုန်းသက်သာတဲ့အိမ်တစ်လုံးကို ရရှိပါပြီ။ ကျွန်တော်တို့ မိသားစုရဲ့ လိုအပ်မှုမှန်သမျှကို မစကြည့်ရှုပေးတဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းရင်း သက်သေခံလိုက်ပါတယ်။

Andrew

## သက်သေခံချက်

သက်သေခံခွင့်ကို ပေးတဲ့ ဘုရား ရဲ့နာ မတော်ကို ချီးမွမ်းပါတယ်။ စာမေး ပွဲမှာ သမီး ကောင်းကောင်းမဖြေ နိုင်ခဲ့ပါဘူး။ ဒါပေမဲ့ သမီး အဆင့် ကောင်းကောင်းနဲ့ အောင်မြင်ချင်တဲ့အတွက် ဘုရားသခင်ဆီမှာ ဆုတောင်းခဲ့ပါတယ်။ စာမေးပွဲအဖြေထွက်လာတဲ့အခါမှာ အဆင့် (၂) နဲ့အောင်မြင်ခြင်းအခွင့်ကို ဘုရားသခင်ပေးခဲ့တဲ့အတွက် ကျေးဇူးတော်ကို ချီးမွမ်းရင်းနဲ့ သက်သေခံပါတယ်။

ထူးမြတ်သီရိ

# သခင်ယေရှုကြွလာချိန်နီးခြင်း၏သက်သေ



တမန်တော်ကြီး ရှင်ယောဟန်က သခင်ယေရှုကို အလျင်အမြန်ပြန်၍ ကြွလာစေချင်ပါသည်။ တမန်တော်ကြီးက လောကဓံ ဒုက္ခများ၊ ပြဿနာများမှထွက်၍ကောင်းကင်ဘုံ၌ ဘုရားသခင်နှင့်အတူ နေခွင့်ရဖို့ အလွန်တောင့်တလျက် ရှိပါသည်။ ထို့ကြောင့် သခင်ယေရှု အလျင်အမြန် ကြွလာတော်မူပါ။ အာမင်ဟု ဝန်ခံထားပါသည်။ လောကပါတ်ဝန်းကျင် အခြေအနေများကို ကြည့်ပါက သခင်ယေရှုပြန်၍ ကြွလာမည့်အချိန်သည်အလွန် နီးကပ်နေပြီးဖြစ်ပါသည်။ သခင်ယေရှုက ကျွန်ုပ်တို့အား မိဘမဲ့ကဲ့သို့ စွန့်ပစ်၍မထား၊ တဖန်ကြွလာပြီး မိမိရှိရာအရပ်၌အတူရှိဖို့ရန် ကျွန်ုပ်တို့အား သိမ်းဆည်းမည်ဟု ဂတိပေးထားပါသည်။

***"ငါသည် အလျင်အမြန်လာမည်။ ဤစာစောင်၏ အနာဂတ္တိစကားကို စောင့်ရှောက်သောသူသည် မင်္ဂလာရှိ၏"***

***(ဗျာ၊ ၂၂း၇)။***

ဤစကားသည် တမန်တော်ကြီး ပတ်မုကျွန်း၌ ရှိနေစဉ် သခင်ယေရှု၏ စကားကိုကြားရသည့်အတိုင်း ဖော်ပြရေးသားထားသော စကားဖြစ်သည်။ ယနေ့ မင်္ဂလာရှိသော ဤအနာဂတ္တိစကားများကို ဆင်ခြင်စဉ်းစား၍ မိမိတို့၏အသက်တာများကို ပြင်ဆင်ကြဖို့ရန် ဖြစ်ပါသည်။

## ကြွလာချိန်နီးခြင်း၏သက်သေ

ယနေ့ မင်္ဂလာရှိသောအကြောင်းအရာများကို စဉ်းစားသည့်အခါ ကမ္ဘာပါတ်ဝန်းကျင်ကို ကြည့်ပါက မင်္ဂလာမရှိသော အဖြစ်အပျက်မျိုးစုံကို တွေ့နိုင်သည်။ သဘာဝ၏ ဖောက်ပြန်မှု၊ ရောဂါဝေဒနာထူပြောမှု၊ လူတို့၏ မေတ္တာခေါင်းပါးမှုတို့က စိတ်ပျက်စရာအတိ ဖြစ်သည်။ သခင်ယေရှုက ထိုအရာများသည် ဖြစ်ပျက်ရမည်ဟု ကြိုတင်အသိပေး၍ဖော်ပြထားပါသည်။ သခင်ယေရှု ကြွလာချိန်နီးသည့်အခါ ထိုအမှုအရာများ ဖြစ်ပျက်မည်မှန်သော်လည်း ဘုရားသခင် အမျက်တော်နှင့် ပါတ်သက်သောဘေးဒါဏ်ကြီးမဟုတ်သေးပါ။ နာဂစ်သည်ပင်လျှင် သခင်ယေရှုကြွလာခါနီး၌ဖြစ်သော အဖြစ်အပျက်ဖြစ်သည်။ ထိုအမှုအရာများ ဖြစ်သောအခါ သခင်ယေရှုကြွလာချိန်နီးပြီးဖြစ်ကြောင်းကို ကျွန်ုပ်တို့သတိပြုမိကြဖို့ လိုပါသည်။ ထိုအဖြစ်အပျက်များ၏နောက်၊ များမကြာမီဘေးဒါဏ်ကြီးကာလကို ကြုံတွေ့ခံစားကြရမည်ဖြစ်သည်။ ထိုအချိန်တွင် တံဆိပ်ခုနှစ်ချက်ဖွင့်ခြင်း၊ တံပိုးခုနှစ်လုံးမှုတ်ခြင်း၊ ဖလားခုနှစ်လုံးကို သွန်းလောင်းခြင်းစသော ဘေးဒါဏ်အမျိုးမျိုးကို ကြုံတွေ့ခံစားရမည်ဖြစ်သည်။ ဗျာဒိတ်ကျမ်းကို လေ့လာပါက တံဆိပ်ခုနှစ်ချက် ဖွင့်သောအခါ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြီး မမျှော်လင့်ဘဲ မိုးရွာခြင်း၊ ရေကြီးခြင်း၊ မီးလောင်ခြင်း၊ မြေငလျင်လှုပ်ခြင်းများ ဖြစ်မည်ကို တွေ့ရသည်။ ဘေးဒါဏ်ကြီးကာလ၌ ကြုံတွေ့မည့်ဘေးဒါဏ်များသည် ယခု ကြုံတွေ့နေရသောအခြေအနေများထက် အဆပေါင်းများစွာ သာလွန်ဆိုးဝါး ပြင်းထန်မည်ဖြစ်သည်။ တံဆိပ်ခုနှစ်ချက်ပြီးသွားသည့်အခါ ကောင်းကင်တမန်သည် တံပိုးခုနှစ်လုံးကို မှုတ်မည်ဖြစ်ပါသည်။ ထိုအခါ ကောင်းကင်မှာထွန်းတောက် သောကြယ်ကြီးသည် မြေပေါ်သို့ ကျ၍ နေသုံးစုတစ်စု၊ လသုံးစုတစ်စု၊ ကြယ်သုံးစုတစ်စု ကြတ်၍မိုက်ပြီး အလင်းမရှိ ဖြစ်မည်။ ထိုအဖြစ်အပျက်နောက်၌ တံပိုးခုနှစ်လုံးမှုတ်မည်ဖြစ်ကြောင်း တွေ့ရသည်။ ထိုသို့တံပိုးတစ်လုံး ပြီးတစ်လုံးမှုတ်သောအခါ လူတို့၌ အလွန်ဆိုးသော အနာစိမ်းပေါက်ခြင်း၊ ပင်လယ်ရေ၊ မြစ်ရေ၊ စမ်းရေတို့သည် အသွေးဖြစ်၍ လျှပ်စစ်ပျက်ခြင်း၊ မြေလှုပ်ခြင်း သာမက အချိန်တစ်ဆယ်ရှိသော မိုယ်းသီးသည် ကောင်းကင်က လူတို့အပေါ်သို့ ကျခြင်းတို့သည် ဖြစ်ကြလိမ့်မည်။ ထိုအရာတို့သည် ဘုရားသခင်၏အမျက်တော်နှင့်ဆိုင်သော ဘေးဒါဏ်များဖြစ်ကြပါသည်။ အဘယ်ကြောင့် ဘုရားသခင်၏အမျက်တော်ကိုမြေကြီးပေါ်သို့ သွန်းလောင်းရသနည်း။ သားတော်ယေရှုခရစ်ကို ကားတိုင်၌ တင်၍သတ်စဉ်က ထိုအပြစ်သည် မိမိတို့ သားစဉ်မြေးဆက်အပေါ်သို့ ကျပါစေဟု ဣသရေလလူတို့ ကျိန်ဆိုခဲ့ကြ၍ ဖြစ်သည်။ ထိုသို့သော ဘေးဒါဏ်များဖြစ်မည်ကို သမ္မာကျမ်းစာ၌ ကြိုတင်အသိပေးဖော်ပြထားပါသည်။

***"အကြောင်းမူကား၊ ကမ္ဘာဦးမှစ၍ ယခုတိုင်အောင် မဖြစ်စဖူး၊ နောက်၌လည်း မဖြစ်လတ္တံ့သော ကြီးစွာသော ဒုက္ခသည် ထိုကာလ၌ဖြစ်လိမ့်မည်"***

***(မဿဲ ၂၄း၂၁)။***

ဘေးဒါဏ်ကြီး ကာလ၌ ကမ္ဘာကြီးပေါ်ရှိ လူများ ကြုံတွေ့ခံစားရမည့် ဘေးဒဏ်များသည် ရှေးကာလကလည်း မဖြစ်စဖူး၊ နောက်၌လည်း မဖြစ်လတ္တံ့သော ဘေးဒါဏ်များဖြစ်ကြပါသည်။ ယနေ့ ကမ္ဘာကြီးပေါ်၌ လူတို့သည် အမျိုးမျိုးသော

> ***သဘာဝ၏ဖောက်ပြန်မှုရောဂါဝေဒနာထူပြောမှု၊ လူတို့၏မေတ္တာခေါင်းပါးမှုတို့က စိတ်ပျက်စရာအတိ. . .သခင်ယေရှုကြွလာချိန်နီးသည့်အခါ ထိုအမှုအရာများဖြစ်ပျက်မည်မှန်သော်လည်း. . .နာဂစ်သည်ပင်လျှင်. . .***

> ***လူတို့၌ အလွန်ဆိုးသော အနာစိမ်းပေါက်ခြင်း၊ ပင်လယ်ရေ၊ မြစ်ရေ၊ စမ်းရေတို့သည် အသွေးဖြစ်၍ လျှပ်စစ်ပျက်ခြင်း၊ မြေလှုပ်ခြင်း သာမက အချိန်တစ်ဆယ်ရှိသော မိုယ်းသီးသည် ကောင်းကင်က လူတို့ အပေါ်သို့ ကျခြင်းတို့သည် ဖြစ်ကြလိမ့်မည်***

နည်းဖြင့် ငြိမ်ချမ်းရေးရဖို့ ကြိုးစားအားထုတ်သော်လည်း အချည်းနှီးပင်ဖြစ်သည်။ မေတ္တာခေါင်းပါးမှု၊ ရုန်းရင်းဆန်ခတ်ဖြစ်မှုများက တစ်နေ့တစ်ခြားတိုးပွား၍ လာနေကြပါသည်။ ထိုသို့ဖြစ်ရခြင်းသည် သခင်ခရစ်တော်ကြွလာချိန်သည် အလွန်နီးကပ်နေပြီဖြစ်ကြောင်း ဖော်ပြနေခြင်းပင်ဖြစ်ပါသည်။

***"ဤလောကသည် ဘုရားသခင်သားတို့၏ ပေါ်ထွန်းခြင်းအရာကို အလွန်တောင့်တမြော်လင့်လျက်နေ၏"***

***(ရောမ၊ ၈း၁၉)။***

ဤကမ္ဘာလောကကြီးသည်ပင်လျင် မြေကြီးပေါ်၌ လောကဓံတရားများ အမျိုးမျိုးဖြစ်ပြီး၊ ဘေးဒါဏ်ကြီးကာလသည်လည်း ဖြစ်ပျက်ပြီး ဘုရားသခင်၏ သားသမီးများ ပေါ်ထွန်းခြင်းကို မြော်လင့်တောင့်တလျက် ရှိနေသည်။ ကမ္ဘာမြေကြီးသည်လည်း နောက်ဆုံးတစ်နေ့၌ အပူဒါဏ်ကြောင့် လောင်ကျွမ်းပြီး ပျက်စီးသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

***"ဤလောကသည် အနိစ္စနိုင်ငံသို့ အလိုလိုလိုက်သည် မဟုတ်။ ဘုရားသခင်၏သားတို့၏ ထူးမြတ်သောလွတ်ခြင်းချမ်းသာတည်းဟူသော ဖောက်ပြန်ပျက်စီးခြင်းအနှောင်အဖွဲ့မှကယ်လွတ်ခြင်းချမ်းသာကို ဝင်စားမည်ဟု မြော်လင့်ရသောအခွင့်ကိုပေး၍ အနိစ္စနိုင်ငံသို့ လိုက်စေတော်မူသောသူ၏အလိုတော်ကြောင့်သာ လိုက်ရ၏"***

***(ရောမ၊ ၈း၂၀-၂၁)။***

ကမ္ဘာမြေကြီးပေါ်၌ အလိုလိုဖောက်ပြန်ပျက်စီးမှုများ ဖြစ်နေသည် မဟုတ်၊ စစ်များဖြစ်နေခြင်း၊ ကုန်စျေးနှုန်းများ ကြီးမြင့်နေခြင်းတို့သည် ကောင်းကင်သစ်နှင့် မြေကြီးသစ်တည်းဟူသော ဘုရားသခင်၏ နိုင်ငံတော် လျင်မြန်စွာ ပေါ်ထွန်းဖို့ရန်အတွက် တွန်းအားသဖွယ် ပျက်စီးခြင်းဘက်သို့ ရွေ့ရှားနေခြင်း ဖြစ်ပါသည်။

> *ယုံကြည်သူများသည် ဘုရားသခင်၏ အမျက်တော်ကို ခံစေခြင်းငှာ ဘုရားသခင် ခေါ် ထားခြင်းမဟုတ်ပါ။ ထိုအမျက်တော်ခံရာ အချိန်ကာလမရောက်မီ ဘုရားသခင်သည် မိမိယုံကြည်သူများအား လာရောက် သိမ်းဆည်းမည်*

## ခရစ်တော်၏ ချီဆောင်ခြင်းကို ခံရ၍

လောကကြီးထဲ၌ ထိုကဲ့သို့ ဘေးဒါဏ်အမျိုးမျိုး ဖြစ်ပျက်မည့် အမှုအရာကြောင့် ယုံကြည်သူများ စိတ်ဓာတ်ကျ၊ စိတ်ပျက်ကြဖို့ မဟုတ်ပါ။

***"အမျက်တော်ကို ခံစေခြင်းငှာ ဘုရားသခင်သည် ငါတို့ကိုခန့်ထားတော်မူသည်မဟုတ်"***

***(၁သက် ၅း၉)။***

ကျွန်ုပ်တို့ ယုံကြည်သူများသည် ဘုရားသခင်၏ အမျက်တော်ကို ခံစေခြင်းငှာ ဘုရားသခင် ခေါ်ထားခြင်းမဟုတ်ပါ။ ထိုအမျက်တော်ခံရာ အချိန်ကာလမရောက်မီ ဘုရားသခင်သည် မိမိယုံကြည်သူများအား လာရောက် သိမ်းဆည်းမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းရရှိမှုမက ဘေးဒါဏ်ကြီးကာလ၌လည်း ခံစရာအကြောင်း မရှိတော့ပါ။ မည်မျှဝမ်းမြောက်စရာ ကောင်းပါသနည်း။ မြေကြီးပေါ်၌ ဘေးဒါဏ်ကြီးကာလဖြစ်ပျက်နေချိန်တွင် ကျွန်ုပ်တို့ ယုံကြည်သူများ၏ အခြေအနေသည် မည်သို့ဖြစ်မည်နည်း။

***"ညီအစ်ကိုတို့၊ မြော်လင့်ခြင်း မရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့၊ သင်တို့သည် ဝမ်းမနည်းမည်အကြောင်း"***

***(၁သက် ၄း၁၃)။***

မည်သို့သောဝမ်းနည်းခြင်းနည်း၊ ညီအစ်ကိုမောင်နှမဆုံး၍ ဝမ်းနည်းခြင်း၊ ကုန်စျေးနှုန်းကြီး၍ ဝမ်းနည်းခြင်း၊ ဘေးဒါဏ်ကြီးကာလဖြစ်ပျက်မည်ကို သိရှိပြီး ဝမ်းနည်းခြင်းစသည့်သို့သော လောကီသားတို့ ဝမ်းနည်းခြင်းမျိုးကဲ့သို့ ဝမ်းမနည်းဖို့ရန် သခင်ဘုရားက နှိုးဆော်အားပေးထားသည်။ အကြောင်းမှာ သခင်ဘုရားသည် ကြွေးကြော်ခြင်း ပြု၍ ကောင်းကင်တမန်မင်းသည်လည်း အသံပေးပြီး ဘုရားသခင်၏တံပိုးတော်ကို မှုတ်သည့်အခါ သခင်ခရစ်တော်သည် ကောင်းကင်ဘုံမှ ကိုယ်တိုင် ဆင်းသက်တော်မူ၍ ယုံကြည်သောသူများကို ချီဆောင်ဖို့ အာကာသကောင်းကင်သို့ ကြွလာမည် ဖြစ်ပါသည်။ ထိုအခါ ခရစ်တော်၌ အိပ်ပျော်ပြီးသော သေလွန်သောသူတို့က ဦးစွာ ထမြောက်လာကြမည်ဖြစ်သည်။ ထိုအခါ အသက်ရှင်လျက်ရှိသော ကျွန်ုပ်တို့ ယုံကြည်သူများသည်လည်း ပြောင်းလဲ၍ အာကာသကောင်းကင်၌ရှိသော သခင်ဘုရားထံတော်သို့ ရောက်ခြင်းငှာ ထိုသူတို့နှင့်အတူ မိုးတိမ်ပေါ်သို့ ချီဆောင်ခြင်း ကိုခံရ၍ သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြမည်ဖြစ်သည်။ (၁သက် ၄း၁၃-၁၇)။ ထိုပြောင်းလဲခြင်းသည် မည်သို့ဖြစ်မည်နည်း။ ထိုအကြောင်းအရာကို (၁ကော၊၁၅) ၌ ဖော်ပြထားပါသည်။

> *နောက်ဆုံးသော တံပိုးမှုတ်ချိန်ရောက်သောအခါ သေလွန်သော သူတို့သည် မပုပ်နိုင်သောအဖြစ်၌ တည်လျက်ထမြောက်သကဲ့သို့ အသက်ရှင်လျက် ရှိသော ကျွန်ုပ်တို့ ယုံကြည်သူရှိသမျှတို့သည်လည်း မျက်စေ့တမှိတ်အတွင်း*

***"သို့သော်လည်း နောက်ဆုံးသော တံပိုးမှုတ်သောအခါ၊ တခဏခြင်းတွင် မျက်စိတမှိတ်၌ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ သေလွန်သောသူတို့သည် မပုပ်နိုင်သောအဖြစ်၌ တည်လျက် ထမြောက်၍၊ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြလိမ့်မည်"***

***(၁ကော၊ ၁၅း၅၂)။***

နောက်ဆုံးသော တံပိုးမှုတ်ချိန်ရောက်သောအခါ သေလွန်သောသူတို့သည် မပုပ်နိုင်သောအဖြစ်၌ တည်လျက်ထမြောက်သကဲ့သို့၊ အသက်ရှင်လျက်ရှိသော ကျွန်ုပ်တို့ ယုံကြည်သူရှိသမျှတို့သည်လည်း မျက်စေ့တမှိတ်အတွင်း ဝိညာဉ်ခန္ဓာကိုယ်အဖြစ် ပြောင်းလဲ၍ ထိုသူတို့နှင့်အတူ ထမြောက်ခြင်းသို့ ရောက်ကြမည်ဖြစ်သည်။ အံ့ဩဖွယ်သောပြောင်းလဲခြင်းဖြစ်ပေသည်။

***"ယခု မျက်မှောက်ပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့ဝင်စားရမည်။ ယခု မျက်မှောက်သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ ဝင်စားရမည်။ ဤပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့၎င်း၊ ဤသေတတ်***

***သောအရာသည် မသေနိုင်သောအဖြစ်သို့ ၄င်း၊ ဝင်းစားသောအခါ သေခြင်းသည် အောင်ခြင်း၌ နစ်မြုပ်ပြီဟု ကျမ်းစာလာချက်ပြည့်စုံလိမ့်မည်"***

***(၁ကော ၁၅း၅၃-၅၄)။***

မည်မျှဝမ်းမြောက်စရာ ဖြစ်ပါသနည်း။ ထိုအခွင့်ထူးသည် သခင်ယေရှုခရစ်တော်ကို ယုံကြည်လက်ခံခြင်းအားဖြင့် ကျွန်ုပ်တို့ရရှိကြခြင်းဖြစ်ပါသည်။ ထိုခရစ်တော်သည် သေမင်းကို အောင်သောအရှင်ဖြစ်ရုံမျှမက သေခြင်းကိုလည်း အောင်မြင်သောအရှင်ဖြစ်ပါသည်။

## ကောင်းကင်သစ်နှင့် မြေကြီးသစ်

ကျွန်ုပ်တို့ ယုံကြည်သူများသည် သခင်ဘုရားရှိရာ မိုးကောင်းကင်အာကာသသို့ ချီဆောင်ခြင်းကို ခံရပြီးသည့်နောက်တွင် ထိုအရပ်၌ အလုပ်သုံးခုရှိပါသည်။ ပထမတစ်ခုမှာ ကျွန်ုပ်တို့လောက၌ မည်ကဲ့သို့ အသက်ရှင်လာခဲ့ကြသလဲ၊ ဘုရားသခင်အတွက် ဘာတွေလုပ်ခဲ့ကြသလဲဆိုသည့်အလုပ်အတွက် စစ်ဆေးခြင်းရှိမည်ဖြစ်သည်။ ထိုအရာသည် ငရဲသို့ ပို့ဖို့ရန် မဟုတ်ပါ။ မီးနှင့်စစ်ဆေး၍ မကျွမ်းလောင် သောအမှုများအတွက် ဆုရမည်ဖြစ်သည်။ ဒုတိယအလုပ်က ကျွန်ုပ်တို့အသက်ရှင်ခဲ့သမျှအတွက် ဆုကို သခင်ဘုရားထံမှ ခံကြရမည်ဖြစ်သည်။ တတိယအလုပ်ကား သခင်ယေရှုနှင့် မင်္ဂလာဆောင်ပွဲကို ပျော်ရွှင်စွာ ကျင်းပပြုလုပ်ကြမည်ဖြစ်သည်။ မည်မျှဝမ်းမြောက်စရာအမှုဖြစ်ပါသနည်း။ ထိုအချိန်၌ ချီဆောင်ခြင်းအမှု၌ မပါဝင်ခဲ့ပဲ မြေကြီးပေါ်၌ ကျန်ခဲ့သောသူများ၌ အလွန်ပြင်းစွာသော ဘေးဒဏ်ကြီး ကာလဖြစ်မည် အကြောင်းဖော်ပြထားပါသည်။ အာကာသကောင်းကင်၌ သခင်ခရစ်တော်နှင့်အတူ မင်္ဂလာဆောင်ပွဲပြီးချိန် မြေကြီးပေါ်၌ ဘေးဒဏ်ကြီးကာလအဆုံး၌ သခင်ဘုရားသည် ဒုတိယအကြိမ် မြေကြီးပေါ်သို့ ပြန်လည်ကြွလာမည်ဖြစ်သည်။ ထိုအကြောင်းကို သမ္မာကျမ်းစာ၌ အတိအလင်း ဖော်ပြထားပါသည်။

***"လူသားသည် မိမိဘုန်းအာနုဘော်ကိုဆောင်လျက်၊သန့်ရှင်းသောကောင်းကင်တမန်များအခြံအရံတို့နှင့်တကွကြွလာတော်မူသောအခါ ဘုန်းရှိသော ပလ္လင်တော်ပေါ်မှာ ထိုင်၍ ရှေ့တော်၌ လူမျိုးအပေါင်းတို့ကို စုဝေးစေသဖြင့်သိုးထိန်းသည်သိုးနှင့်ဆိတ်တို့ကို တခြားစီခွဲ ထားသကဲ့သို့၊ လူအပေါင်းတို့ကို အသီးအခြားခွဲ၍သိုးတို့ကိုလက်ျာတော်ဘက်၊ ဆိတ်တို့ကို လက်ဝဲတော်ဘက်၌ ထားတော်မူလတ္တံ့"***

***(မဿဲ ၂၅း၃၁-၃၃)။***

> ***သံလွင်တောင်ပေါ်မှ ကောင်း ကင်သို့ပြန်၍ တက်ကြွသွားသောအရှင်သည် ယခုတစ်ကြိမ် ကောင်း ကင်တမန်အခြံအရံတို့နှင့် ပြန်လည် ကြွလာပြီး သံလွင်တောင်ပေါ်၌ ခြေချ၍ ဘုန်းရှိသော ပလ္လင်တော် ပေါ်၌ ထိုင်လျက် လူအသီးသီးတို့ကို စုဝေးစေပြီး***

သံလွင်တောင်ပေါ်မှကောင်းကင်သို့ပြန်၍ တက်ကြွသွားသောအရှင်သည် ယခုတစ်ကြိမ် ကောင်းကင်တမန် အခြံအရံတို့နှင့် ပြန်လည်ကြွလာပြီး သံလွင်တောင်ပေါ်၌ ခြေချ၍ ဘုန်းရှိသော ပလ္လင်တော်ပေါ်၌ ထိုင်လျက်လူအသီးသီးတို့ကို စုဝေးစေပြီး သိုးနှင့်ဆိတ်တို့ကိုခွဲမည်ဟု ဖော်ပြထားပါသည်။ သိုးတို့သည် မည်သူနည်း။ ဆိတ်တို့သည်လည်း မည်သူတို့ဖြစ်မည်နည်း။ ဘေးဒဏ်ကြီးကာလ၌ ဣသရေလလူတို့အပေါ်သို့ အမျက်တော် သွန်လောင်းရာ အချိန်ကာလ၌ ဘုရားသခင်၏လူမျိုးတော်ဖြစ်သော ဣသရေလလူတို့အပေါ်၌ ကျေးဇူးပြုမိသောသူတိုင်း၊ သက်သေခံဖို့ရန် ဘုရားသခင်ရွေးကောက်သော တစ်သိန်းလေးသောင်းလေးထောင်သောသူတို့၏ ဘုရားသခင်အကြောင်းသက်သေခံမှုကို ယုံကြည်မိသောသူတိုင်းသည် သိုးအဖြစ် မှတ်ယူခြင်းခံရမည် ဖြစ်သည်။ ဘေးဒါဏ်ကြီးကာလ၌ ခရစ်တော်ကို ယုံကြည်မည့်သူများသည် များစွာ အဖိုးအခ ပေးရမည် ဖြစ်ပါသည်။ မယုံကြည်သောသူများကဆိတ်အဖြစ် မှတ်ယူခြင်းခံရပြီး ငရဲသို့ ပို့ခြင်းခံရမည်ဖြစ်သည်။ ထိုအချိန်၌ သခင်ခရစ်တော်သည် ကမ္ဘာကြီး၌ အနှစ်တစ်ထောင် ကိုယ်တော်တိုင်အုပ်စိုး၍ ကမ္ဘာကြီးသည်လည်း ဧဒင်ဥယျာဉ်ကဲ့သို့ သာယာမည်ဖြစ်သည်။ မြွေသည် အဆိပ်မရှိ၊ ခြင်္သေ့က လူကိုမစား၊ ကလေးများနှင့် ဆော့ကစားမည်ဖြစ်သည်။ ထိုအချိန်၌ လူတို့သည် စုံဖက်၍ မျိုးပွားကြဦးမည်ဖြစ်သည်။ သို့သော် ထိုအချိန်သည် ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ဝင်စားခြင်း မဟုတ်သေး၊ ကမ္ဘာကုန်ရာ အချိန်ကာလမဟုတ်သေးပေ။ အနှစ်တစ်ထောင်ကာလပြီးမှ ကမ္ဘာကြီးတွင် အာမဂေဒုန်စစ်ပွဲ တည်းဟူသော စာတန်မာရ်နတ်အပေါ်၌ ဘုရားသခင်၏လုပ်ဆောင်မှု ပေါ်လာမည်ဖြစ်သည်။ သို့ပြီးမှ ယခု မြင်ရသော ကမ္ဘာကုန်ရာ ကာလရောက်မည်ဖြစ်သည်။ ထိုအမှုအရာများကိုသိသော တမန်တော်ယောဟန်က သခင်ယေရှု အလျှင်အမြန်ကြွလာပါဟု တောင့်တ၍ မြွက်ဆိုပါသည်။ သခင်ယေရှုကြွလာမည့်အချိန်ကို မည်သူမျှတင်ကြို၍ မသိနိုင်ပါ။ သို့သော် ကြွလာမည်မှာ အသေအခြာဖြစ်ပါသည်။ ယနေ့ ဤကပ်ကာလ၏အချိန်များကို သိခွင့်ရကြသည့်အတိုင်း ကျွန်ုပ်တို့သည် ဤလောက၏အရာများထဲ၌ မျော၍ မပါသွားဘဲ မိမိတို့အသက်တာများကို ပြင်ဆင်လျက် စောင့်နေကြဖို့ရန် မေတ္တာနှင့် အသိပေး ဝေငှလိုက်ပါသည်။

**နာမတော်မြတ်၌**

**ညီအစ်ကိုဦးကာပ်ခန့်ခုပ်**

## သက်သေခံချက်

ရှေးဦးစွာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ လွန်ခဲ့တဲ့ ခြောက်လလောက်က ကျွန်မရဲ့ ဘယ်ဘက်လက်ကောက် ဝတ်နားမှာ အကြောထုံးသလိုမျိုး မကျီးစေ့လောက်ရှိတဲ့ အဖုတစ်ဖု ပေါက်ပါတယ်။ မိသားစုတွေက အကြောထုံးတယ်လို့ ပြောတယ်။ သူငယ်ချင်းတွေက အရိုးအတက်ပေါက်တာလို့ ပြောတယ်။ ဆရာဝန်ပြရင် ခွဲလိမ့်မယ်လို့လည်း ပြောတယ်။ ကျွန်မလည်း ခွဲစိတ်ရမှာကို အရမ်းကြောက်တယ်။ အပတ်တိုင်း ဘုရားရှစ်ခိုးကျောင်းရှေ့မှာ ထွက်ပြီး ဆုတောင်းခဲ့တယ်။ ဒီလိုနဲ့ အဖုက တဖြည်းဖြည်းသေးလာတယ်။ ဘုရားသခင်က အသက်ရှင်တဲ့ ဘုရားဖြစ်တယ်။ ငါ့ရဲ့အဖုကို ပေးပျောက်မှာဘဲ ဆိုတဲ့ ယုံကြည်ချက်နဲ့ ဆက်ပြီး ဆုတောင်းခဲ့ပါတယ်။ ဘုရားသခင်ရဲ့ကျေးဇူးတော် သက်သက်ပါဘဲ။ အခု ကျွန်မရဲ့လက်က အဖု လုံးဝပျောက်သွားပါပြီ။ ကျွန်မရဲ့ဆုတောင်းသံကို နားညောင်းပြီး အဖြေပေးတဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းရင်း သက်သေခံလိုက်ပါတယ်။

မမူမူ

# ဝိညာဉ်တော်နှင့်ပြည့်ဝလျက်အစေခံဖို့ရန်



### ခမည်းတော်က သားတော်ကို စေလွှတ်ရခြင်းအကြောင်း

ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှာ၊ ငါ့ကို ဘိသိတ်ပေးတော်မူပြီ။ ကြေမွသောသူတို့၏ အနာကို ပျောက်စေခြင်းငှာ၎င်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသော သူတို့အား လွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့ကို မြင်ပြန်ခြင်းအကြောင်းကိုပြစေခြင်းငှာ၎င်း၊ ညှင်းဆဲခံရသော သူတို့ကို ကယ်စေခြင်းငှာ၎င်း၊ ထာဝရဘုရား၏ မင်္ဂလာနှစ်ကာလကို ကြားပြောစေခြင်းငှာ၎င်း ငါ့ကို စေလွှတ်တော်မူပြီ။ (လု ၄း၁၄-၁၉)။

### ယေရှုနှင့်အတူ ဝိညာဉ်တော်လုပ်ဆောင်ချက်

ကိုယ်တော်သည် အပျိုကညာမယ်တော်ဝမ်း၌ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေခံယူခဲ့၍၊ ဘွားသန့်စင်သောအခါ လူသားတို့အား အပြစ်မှကယ်ချွတ်မည့်သူ ဖြစ်၍ ယေရှုဟူသောအမည်ဖြင့် မှည့်ခေါ်၏။ အသက်(၃၀)နှစ်တွင် ယောဟန်လက်ဖြင့် ရေ၌ဗတ္တိဇံမင်္ဂလာကိုခံယူပြီး ရေမှပေါ်ထစဉ်၊ ကောင်းကင်ဖွင့်လှစ်၍ ဘုရားသခင်၏ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ ဆင်းသက်၍ ကိုယ်တော်အပေါ်၌ နားတော်မူပြီး၊ "ဤသူကား၊ ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်း"ဟု ခမည်းတော်၏အသံတော် ပေါ်ထွက်လာပါတယ်။ ကိုယ်တော်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်စုံလျက်၊ ဝိညာဉ်တော်သည် တောသို့ ပို့ဆောင်လျက်၊ အရက်(၄၀)ပတ်လုံး မာရ်နတ်၏စုံစမ်းသွေးဆောင်ခြင်းကို ခံတော်မူပါတယ်။ ကိုယ်ကာယ တပ်မက်ခြင်း၊ မျက်စိ တပ်မက်ခြင်း၊ လောကီစည်းစိမ်၌ ဝါကြွားခြင်း ကဏ္ဍသုံးရပ်၌ စုံစမ်းနှောက်ယှက်ခြင်းကိုခံရ၍ မာရ်နတ်ကို အောင်မြင်ပြီးနောက် ယေရှုသည် ဝိညာဉ်တော်၏ တန်ခိုးနှင့် ဂါလိလဲပြည်သို့ ပြန်၍ နိုင်ငံတော်နှင့် ယှဉ်သော ဝမ်းမြောက်ဘွယ်ရာ ဧဝံဂေလိသတင်းစကားကို ဟောပြော၍ လူတို့တွင် အနာရောဂါအမျိုးမျိုးတို့ကို ငြိမ်းစေလျက်၊ ဂါလိလဲပြည်၊ တစ်ပြည်လုံးကို ဒေသစာဂရီ လှည့်လည်တော်မူ၏။ အထံတော်သို့ ဆောင်ခဲ့သော အထူးထူးအပြားပြားသောအနာ စွဲသောသူများတို့ကို သက်သာ ပျောက်ကင်းစေတော်မူ၏။ နတ်ဆိုးတို့ကိုလည်း နှင်ထုတ်တော်မူ၏။ နတ်ဆိုးတို့သည် ကိုယ်တော်ဘယ်သူဖြစ်သည်ကိုသိကြသောကြောင့်၊ စကားတခွန်းကိုမျှ ပြောစေခြင်းငှာ အခွင့်မပေးဘဲ ထွက်ခွာစေ၏။

> *မာရ်နတ်ကို အောင်မြင်ပြီးနောက် ယေရှုသည် ဝိညာဉ်တော်၏ တန်ခိုးနှင့် ဂါလိလဲပြည်သို့ ပြန်၍ နိုင်ငံတော်နှင့် ယှဉ်သော ဝမ်းမြောက်ဘွယ်ရာ ဧဝံဂေလိသတင်းစကားကို ဟောပြော၍ လူတို့တွင် အနာရောဂါအမျိုးမျိုး တို့ကို ငြိမ်းစေလျက်*

### တပည့်တော်တို့ကို ခေါ်တော်မူခြင်း၏ ရည်ရွယ်ချက်နှင့်အတွေ့အကြုံသက်သေ

ထိုအခါ၊ ကိုယ်တော်သည် တောင်ပေါ်သို့ တက်၍ အလိုရှိသောသူတို့ကို ခေါ်တော်မူလျှင် ထိုသူတို့သည် အထံတော်သို့ လာကြ၏။ ကိုယ်တော်နှင့်အတူ ရှိနေစေခြင်းငှာ၎င်း၊ တရားဟောသော အခွင့်၊ အနာရောဂါကို ငြိမ်းစေ၍၊ နတ်ဆိုးတို့ကို နှင်ထုတ်နိုင်သောအခွင့်နှင့် စေလွှတ်ခြင်းငှာ၎င်း ခေါ်၍ ခန့်ထားတော်မူ၏။ (မာကု ၃း၁၃-၁၅)။ လုကာ ၁၀း၁၇-၁၉ တွင် ဆေးသမားလုကာ၏ မှတ်တမ်းကို တွေ့ရပါတယ်။ "တပည့်တော်(၇၀)တို့သည် ဝမ်းမြောက်သောစိတ်နှင့် ပြန်လာ၍၊ သခင်၊ ကိုယ်တော်၏နာမအားဖြင့် အကျွန်ုပ်တို့သည် နတ်ဆိုးကိုပင် နိုင်ပါသည်ဟု လျှောက်ဆိုကြ၏။ ယေရှုကလည်း စာတန်သည်လျှပ်စစ်ကဲ့သို့ ကောင်းကင်မှကျသည်ကို ငါမြင်ပြီ။ သင်တို့သည် မြွေ၊ ကင်းမြီးကောက်တို့ကို နိုင်သောအခွင့်နှင့် ရန်သူများကို နိုင်ရသောအခွင့် တန်ခိုးကို ငါပေး၏။ သင်တို့ကို အဘယ်ဘေးမျှ မညှဉ်းဆဲရ။ သို့သော်လည်း နတ်ဆိုးကို နိုင်ရသောကြောင့် ဝမ်းမမြောက်ကြနှင့်။ သင်တို့နာမည်များသည် ကောင်းကင်စာရင်း၌ဝင်သည်ကို ဝမ်းမြောက်ကြလော့ဟု မိန့်တော်မူ၏။

### တမန်တော်ရှင်ပေတရု၏ သက်သေခံဟောပြောချက်

ဘုရားသခင်သည် လူမျက်နှာကို မထောက်၊ ကိုယ်တော်ကိုကြောက်ရွံ့၍ ဖြောင့်မတ်စွာ အသက်ရှင်သူတို့သည် ကိုယ်တော်ရှေ့၌ မျက်နှာရတော်မူ၏။ ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်၎င်း၊ တန်ခိုးနိမိတ်လက္ခဏာနှင့်၎င်း၊ နာဇရက်မြို့သား ယေရှုကို ဘိသိတ်ပေးတော်မူပြီး၊ ယေရှုသည် ဘုရားသခင်၏ အခွင့်တော်နှင့် ကျေးဇူးပြုလျက်၊ မာရ်နတ်ညှဉ်းဆဲသောသူအပေါင်းတို့အား ချမ်းသာပေးလျက် ဒေသစာရီလှည့်လည်တော်မူ၏။ ငါတို့သည် ယေရှုရှလင်မြို့မှစ၍ ယုဒပြည်တွင် ပြတော်မူသောအမှုတို့၏ သက်သေခံဖြစ်ကြ၏။ ထိုသူကို သစ်တိုင်၌ ဆွဲ၍ ကွပ်မျက်ကြ၏။ သုံးရက်မြောက်သောနေ့၌ ဘုရားသခင်သည် ထ

> *ထိုသူကို သစ်တိုင်၌ ဆွဲ၍ ကွပ်မျက်ကြ၏။ သုံးရက်မြောက်သောနေ့၌ ဘုရားသခင်သည် ထမြောက်စေတော်မူပြီး၊ လူတိုင်းအား မထင်ရှားဘဲ၊ ခန့်ထားသော သက်သေခံတည်းဟူသော ငါတို့အား ကိုယ်ထင်ရှားပြပြီး*

မြောက်စေတော်မူပြီး၊ လူတိုင်းအား
မထင်ရှားဘဲ၊ ခန့်ထားသောသက်
သေခံတည်းဟူသောငါတို့အား ကိုယ်
ထင်ရှားပြပြီး၊ ထိုသခင်နှင့်အတူ ငါတို့
သည် စားသောက်ရကြ၏။ ထိုသခင်
သည် အသက်ရှင်သောသူသေသော
သူတို့ကို တရားစီရင်သော သခင်ဖြစ်
စေခြင်းငှာ၊ ဘုရားသခင် ခန့်ထား
တော်မူကြောင်းကို လူအပေါင်းတို့
အား ဟောပြောကြလော့။ သက်သေ
ခံကြလော့ဟု ငါတို့အား ပညတ်ထား
တော်မူ၏ (တမန်၊ ၁၀း၃၄-၄၃)။

### လက်ဝါးကပ်တိုင်၏
### အကျိုးကျေးဇူးနှစ်ရပ်

ယနေ့ ဧဝံဂေလိတရားကို
တစ်ဦးချင်းအနေနှင့်သော်၎င်း၊ အဖွဲ့
အစည်းအနေနှင့်၎င်း၊ အသင်းတော်
မှ စေလွှတ်သောကြောင့်သော်၎င်း
ဟောပြောသက်သေခံသူအများတို့
သည် လက်ဝါးကပ်တိုင်၏ အရှေ့မြင်
ကွင်းဖြစ်သော ဝိညာဉ်ကယ်တင်ခြင်း
(တစ်နည်း) အပြစ်လွတ်၍ အပယ်
ငရဲမှ လွတ်မြောက်ရခြင်းအကြောင်း
ကိုသာ အလေးထား ဟောပြောကြ
၏။ ဤအမှုအရာသည် အနာဂတ်
ဖြစ်ရပ်ဖြစ်ပြီး အများသော ယုံကြည်
သူတို့သည် မျက်မှောက်ကာလ၌
လောကခံတရား၏ ဖိစီးမှု၊ ဇာတိ
သွေးသား၏အားနည်းမှု၊ နတ်ဆိုး၏
ညှဉ်းဆဲနှိပ်စက်မှုတို့ကို ဆက်လက်ခံ
နေရပြီး ဝမ်းမြောက်ပျော်ရွှင်မှုမရှိဘဲ
စားဝတ်နေရေးခက်ခဲလျက် တစ်ဦး
နှင့်တစ်ဦး ဆက်ဆံမှုမပြေလည်ဘဲ
အိမ်ထောင်မိသားစုအတွင်း၌ သော်
၎င်း၊ လင်မယားအချင်းချင်းသော်
၎င်း၊ အသင်းတော်တွင်း အမှုတော်
ကို ဆောင်နေလျက်ပင် စိတ်အ
နှောက်အယှက်များ၊ စိတ်ထိခိုက်နာ
ကျည်းမှုများ၊ စိတ်တို၍အမျက်ထွက်
ရပြီး ကိုယ်တော်ထားခဲ့သော ငြိမ်
သက်ခြင်း ကင်းမဲ့သည့်အသက်တာ
၌ နေ့စဉ် ကျင်လည်နေရပါသည်။
ခမည်းတော်ဘုရား၊ သားတော်ယေရှု
ခရစ်ကို ကျွန်တော်/မလူသားများ
ထံသို့ စေလွှတ်ရခြင်း၏ပြည့်စုံသော
ရည်ရွယ်ချက်မှာ ကာယနှင့် စိတ်
ဝိညာဉ်ဆင်းရဲမှုတို့မှ စိတ်ချမ်းသာ
ခြင်း၊ ကိုယ်ကာယ ကျန်းမာလျက်
စားဝတ်နေရေး လုံလောက်ပြီး၊ အ
ချင်းချင်းပေါ်တွင် ဂရုဏာမေတ္တာ
တရားထားလျက်၊ ဝမ်းမြောက်ငြိမ်
သက်သော အသက်တာရှိစေလိုပါ
သည်။ဒီအပြင် မမြင်နိုင်သောဝိညာဉ်
ဆိုး၊ နတ်ဆိုးတို့၏ ချုပ်နှောင်မှု၊
နှိပ်စက်မှု၊ ဖိစီးမှုတို့မှလည်း လွတ်
မြောက်ပြီး ထာဝရဘုရားရှင်ကို စိတ်
ဝိညာဉ်လွတ်မြောက်ခြင်း၊ သမ္မာ
သစ္စာတရားနှင့်သန့်ရှင်းသောဝိညာဉ်
တော်၌ရှိသော ဝမ်းမြောက်ခြင်းနှင့်
ကိုးကွယ်ဝတ်ပြုချီးမွမ်းဖို့ရန် အကြွင်း
မဲ့အလိုတော်ရှိပါသည်။ ဆင်းရဲချို့တဲ့
စိတ်ပျက်အားလျော့၊ စိတ်ဓာတ်ကျ
နေသော တမလွန်အတွက် ရတက်
မအေးနိုင်သော ယုံကြည်သူတို့နှင့်
လူသားအပေါင်းတို့အတွက် မေတ္တာ
တော်ရှင် ထာဝရဘုရားသခင်၏
ဥဿုံကယ်တင်ခြင်းအကြောင်းနှင့်
ပတ်သက်၍ သခင်ယေရှု၏ တိကျ
သော နှုတ်တော်ထွက် ဂတိစကားမှာ
***"သူခိုးသည်ခိုးခြင်း၊သတ်
ခြင်း၊ ဖျက်ဆီးခြင်းငှာသာ လာ
တတ်၏။ ငါမူကား သိုးတို့သည်
အသက်လွတ်ရုံမျှမက၊ အထူးသ
ဖြင့် အသက်နှင့် ပြည့်စုံစေခြင်း
ငှာလာသတည်း" ဟု မိန့်တော်မူ
ခဲ့ပါသည် (ယော၊ ၁၀း၁၀)။***

> *ဟောပြောသက်သေခံသူအများတို့သည်*
> *လက်ဝါးကပ်တိုင်၏ အရှေ့မြင်ကွင်းဖြစ်သော*
> *ဝိညာဉ်ကယ်တင်ခြင်း (တစ်နည်း) အပြစ်လွတ်၍*
> *အပယ်ငရဲမှ လွတ်မြောက်ရခြင်းအကြောင်းကိုသာ*
> *အလေးထား ဟောပြောကြ၏*

> *မမြင်နိုင်သောဝိညာဉ်ဆိုး၊ နတ်ဆိုးတို့၏ ချုပ်နှောင်မှု၊*
> *နှိပ်စက်မှု၊ ဖိစီးမှုတို့မှလည်း လွတ်မြောက်ပြီး...*
> *သန့်ရှင်းသောဝိညာဉ်တော်၌ ရှိသော*
> *ဝမ်းမြောက်ခြင်းနှင့် ကိုးကွယ်ဝတ်ပြုချီးမွမ်းဖို့ရန်*

### မျက်မှောက်ကာလ
### ကိုယ်တွေ့သက်သေခံချက်များ
### တပည့်တော်အသက်တာခံ

**ယူနေကြသော**ကချင်ဆေးကျောင်း
သူ နောက်ဆုံးနှစ် ညီမနှစ်ယောက်
နှင့်အတူ ကျောက်စိမ်းစီးပွားရေး
လောကတွင် ဆုံးရှုံးမှုနှင့် တွေ့ကြုံပြီး
သရဲစီး ခံရသောအဖြစ်မှ ယေရှုနာမ
ဖြင့် **ထိုမည်းမည်းအကောင်ကြီး**
အား အမိန့်ပေးရုံမျှနှင့် ယေရှုသည်
နတ်ဆိုးတို့ကို အောင်မြင်သောအ
ရှင်ဖြစ်ကြောင်း သက်သေရထား
သည့် ညီအစ်ကို ပါဝင်လျက်၊ ကချင်
ညီအစ်ကိုမောင်နှမ ငါးယောက်တို့
သည် ကွတ်ခိုင်မြို့သို့ ဧဝံဂေလိဟော
ပြောဖို့နှင့် တပည့်တော် ပြုစုပျိုး
ထောင်ဖို့ တစ်ပတ်တာ ခရီးထွက်ခဲ့
ကြရာ တည်းခိုသော လူမနေသည့်
ကျမ်းစာကျောင်းအဆောက်အအုံ
ဟောင်း၌ တည်းခိုစဉ် သွေးသား
တပ်မက်သော ဝိညာဉ်ဆိုး၏ ကလူ
ကျီစယ်မှုကို အားနည်းသော ညီမ
နှစ်ယောက်ခံရပြီး ကြောက်ရွံ့ထိတ်
လန့် စိတ်ဝင်လာသောအခါ အတွေ့
အကြုံရှိသော စီးပွားရေးလုပ်သော
ညီအစ်ကိုနှင့် နောက်ဆုံးနှစ်ဆေး
ကျောင်း သူနှစ်ဦးတို့သည် သွန်သင်
ခံယူထားသည့်အတိုင်း ထိုအဆောင်
တွင်း၌ ဝိညာဉ်ဆိုးများကို တစ်
ကောင်ပြီးတစ်ကောင် ဝမ်းမြောက်
ခြင်းဖြင့် ယေရှုနာမ၌ မောင်းထုတ်
နိုင်ခဲ့ရသည့်အကြောင်းကို ရန်ကုန်
ပြန်ရောက်သည့်အခါ ကျွန်တော်တို့
မိတ်သဟာယ၌ ဘုရားကို ဘုန်းပေး
လျက် နုနယ်သူများခွန် အားရဖို့
သက်သေခံကြ၏။

**လှိုင်သာယာဘက်၌ အ
သက်(၆၀)ကျော် အခြားဘာသာ
ဝင်** ဖြစ်ပြီး၊ နတ်ကိုလည်း ကိုးစားခဲ့
သော အမျိုးသမီးကြီးတစ်ဦးသည်
လူငယ်တစ်စု၏ ဧဝံဂေလိဟောပြော
ဝေငှချက်ဖြင့် ယေရှုခရစ်ကိုခေါ်ဖိတ်
လက်ခံခဲ့၏။ သို့သော် လအနည်းငယ်
အတွင်း ဆင်းရဲသဖြင့် မိုးလေ မလုံ
သော မိမိတဲအတွင်း၌ အအေးမိဖျား
နာခြင်း ဝေဒနာခံစားရပါတယ်။ ဒီ
အချိန်မှာ မည်းမည်းအကောင်များ
သူမအနီးသို့ ချဉ်းကပ်လာပါတယ်။
ထိုအခါ ကြောက်ရွံ့ထိတ်လန့်ခြင်း
ကင်းပြီး ယေရှုသည် နတ်ဆိုးများကို
အောင်မြင်သောအရှင်ဖြစ်ကြောင်း
ကြားသိခဲ့သည့်အတိုင်း ယုံကြည်
စိတ်ချခြင်းဖြင့် ငါဟာ ယေရှုသမီး၊
နင်တို့နဲ့မဆိုင်ဘူး။ ထွက်သွားကြ အခု
ထွက်သွားဟု နှုတ်မြွက်ကာမျှနှင့်
ထိုမည်းမည်းသဏ္ဌာန်အကောင်များ
ချက်ခြင်းပျောက်ကွယ်သွား၏။ ထို့
နောက် အဘ ဆရာကြီးထံ သတင်း
ရောက်၍ သွားရောက် ဆုတောင်း
ပဋ္ဌနာပြုပေးပြီးနောက် ရက်များ မ
ကြာမီ ဝမ်းမြောက်ငြိမ်သက်ခြင်းနှင့်
ခရစ်တော်၌ အိပ်ပျော်သွားခွင့်ရခဲ့ပါ
တယ်။

အလားတူ သက်သေခံချက်
တစ်ခုမှာ လှိုင်သာယာ ဆင်းရဲသား
ရပ်ကွက်တစ်ခုမှာ ကရင်မိသားစု
အိမ်တစ်အိမ်ရှိပြီး၊ ဧဝံဂေလိဆရာ
များ ဝင်ထွက်သွားလာနေ၍ ချီးမွမ်း

ခြင်း ပဋ္ဌနာပြုခြင်း မိတ်သဟာယအစီအစဉ်များ ပြုလုပ်လေ့ရှိပါတယ်။ မယုံကြည်သူ အိမ်နီးနားချင်း မိသားစုများကလည်း တစေ့တစောင်း လေ့လာကြည့်ရှု အကဲခတ်နေကြပါတယ်။ သို့သော် တစ်ညဉ့် ထို**ကရင်မကြီး အိမ်ဘေး၌ရှိသော အခြားဘာသာဝင်အမျိုးသမီးတစ်ဦး** ၏လသားအရွယ် ကလေးငယ်မှာ အအေးမိနှာစေးချောင်းဆိုးရင်ကြပ်၍ နှာပိတ်ပြီး အဖျားတက်ရာ အသက်မရှူနိုင်တော့ဘဲ မျက်ဖြူလန်ပြီး တက်သွားပါတယ်။ ညသန်းခေါင်ယံအချိန်ဖြစ်၍ ဆိုက်ကားသမားလည်း အလွယ်တကူ မရှိ၊ ဆေးရုံသွားဖို့ရန်လည်း အလွန်ဝေးပြီး ငွေကြေးအခက်အခဲရှိတဲ့အတွက် မိခင်ဖြစ်သောကြောင့် မိမိကလေး အသက်ပြန်ရဖို့ စိတ်ထဲ၌ နှိုးဆော်ခံရတဲ့အတိုင်း မသိသေးသော ထာဝရဘုရားထံ သွန်သင်ချက်မရှိဘဲ နှလုံးသားထဲကသစ္စာနှင့် ပဋ္ဌနာပြုလိုက်ချက်မှာ- "ကျွန်မအိမ်ဘေးနားက ကရင်မကြီး ကိုးကွယ်တဲ့ ယေရှုဘုရား၊ ကျွန်မ ကလေးကို အဖျားကျ၍ အသက်ပြန်ရှူလာနိုင်အောင် ကယ်မပါ"ဟု စိုးရိမ်ပူပန်မှု ပြင်းပြနေသည့်ကြားမှ ယုံကြည်ခြင်းစိတ်ဖြင့် အော်ဟစ်တောင်းဆိုသံကို လူမျက်နှာ မထောက်သော ဘုရားသခင်သည် သားတော်၏နာမ၌ တောင်းလျှောက်ချက်ကို ချက်ခြင်းအဖြေပေးတဲ့အတွက် ကလေးငယ်မှာ တဖြည်းဖြည်းမျက်လုံးဖွင့် အသက် ပြန်ရှူလာပြီး အဖျားလည်းကျလာ၍ နံနက်ရောက်မှ ဆေးဝါးကုသမှုကိုခံယူနိုင်ပြီး ကျန်းမာပကတိပြန်ဖြစ်လာရပါတယ်။

***“ယေရှုဘုရား၊ ကျွန်မကလေးကို အဖျားကျ၍***
***အသက်ပြန်ရှူလာနိုင်အောင် ကယ်မပါ”ဟု . . .***
***ယုံကြည်ခြင်းစိတ်ဖြင့် အော်ဟစ်တောင်းဆိုသံကို . . .***
***ချက်ခြင်းအဖြေပေးတဲ့အတွက် ကလေးငယ်မှာ***
***တဖြည်းဖြည်းမျက်လုံးဖွင့် အသက်ပြန်ရှူလာပြီး***

**ကမ္ဘာကျော် လူထုဧဝံဂေလိ တရားဟောပြောပွဲကြီးများကို ဦးဆောင်သောဆရာကြီး Benny Hinn** သည် တစ်ချိန်က စိုးရိမ်ကြောက်ရွံ့သော စိတ်ဓာတ်ကျသော အလုပ်အကိုင်လည်း အတိအကျမရှိသော သူတစ်ဦးသာလျှင် ဖြစ်ပါတယ်။ သို့သော်တက္ကသိုလ်ကျောင်းသားလူငယ်ဆုတောင်းခြင်း စည်းဝေးလေး၌ ယေရှုခရစ်တော်ကို ယုံကြည်လက်ခံလာပြီး ကယ်တင်ခြင်း စိတ်ချမှုရလာခဲ့ပါတယ်။ စကားထစ်အသောသူဖြစ်ပါတယ်။ မိတ်ဆွေ သင်းအုပ်ဆရာတစ်ဦး၏ ခေါ်ဖိတ်ချက်အတိုင်း အလွန်ချမ်းအေးပြီး ဆီးနှင်းကျသောအချိန်၌ ဘုရားသခင် တန်ခိုးနမိတ်လက္ခဏာအမျိုးမျိုးနှင့် အသုံးပြုခဲ့သော သန့်ရှင်းသော ဝိညာဉ်တော်ဘိသိတ်နှင့် ပြည့်သော **ဧဝံဂေလိအမှုတော်ဆောင် အမျိုးသမီး Kathrine Kulmann** (ကက်သရင်းကူလ်မန်)၏ အစည်းအဝေးဖြစ် ပြီး သူမအခန်းထဲသို့ ဝင်လာသောအခါ ဝိညာဉ်အရှိန်ကြောင့် အနီးရှိလူတို့သည် လဲကျကြ၏။ သူမ ဝိညာဉ်တော်အား ငိုကြွေးလျက် စကားပြောသောအခါ လူပရိသတ်အတွင်း၌ ပကတိငြိမ်သက်မှုဖြစ်ပြီး မကြာမီ နောင်တနှင့် ငိုကြွေးလာကြပြီး အပြစ်များကိုလည်း ဝန်ချတောင်းပန်ပြီး အနာရောဂါအမျိုးမျိုးမှလည်း ငြိမ်းခြင်းအခွင့်ရကြ၏။ ဧဝံဂေလိအစည်းအဝေးမှ မိမိနေရာ အရပ်ပြန်ရောက်ပြီးမှ Benny Hinn သည် သန့်ရှင်းသောဝိညာဉ်တော်ကို အလွန်တောင့်တ လိုလားရင်နှီးလိုစိတ် ပြင်းပြလာသဖြင့် မိမိအခန်းထဲ၌ အစာရှောင်၊ နှုတ်ကပတ်တော် ဖတ်ရှုဆင်ခြင်လျက်၊ ချီးမွမ်းလျက် ဘုရားရှင်ထံ ပဋ္ဌနာပြုရာမှ ဝိညာဉ်တော်နှင့်ပြည့်ဝလာပြီး ဝိညာဉ်တော်နှင့် တရင်းတနှီးဖြစ်လာရသည်။

နောက်ပိုင်းတွင် ကြောက်ကြောက် ရွံ့ရွံ့နှင့် ဧဝံဂေလိ စတင်ဟောပြောလာရာစကားထစ်ခြင်း လုံးဝပျောက်သွားပြီး၊ ဧဝံဂေလိဟောပြောသောအခါ လူအများပြောင်းလဲလာကြပါတယ်။ လူပေါင်းရာဂဏန်းမှ ထောင်ဂဏန်း၊ ထောင်ဂဏန်းမှ သောင်းဂဏန်းအထိ ဝိညာဉ်တော် ဘိသိတ်ကြောင့် ရိုးရိုးလေးပဲ ဟောပြောသောအခါ ဝိညာဉ်တော်ဘိသိတ်နှင့် တန်ခိုး ဆင်းသက်လာချိန်၌ လူများမျက်ရည်ကျလျက်၊ နောင်တရလျက်၊ ယေရှုခရစ်တော်ကို ခေါ်ဖိတ် လက်ခံလာကြသည် သာမက ချိုင်း ထောက်များ၊ လက်တွန်းလှည်းနှင့် လာကြသော လက်ခြေသေသူ၊ ခါးနာသူများ ဆရာဝန်များက လက်လျှော့ထားကြသော အောက်ပိုင်းသေသူများ ချက်ခြင်း ပကတိ ထလမ်းလျှောက်နိုင်ကြ၏။ ကင်ဆာဝေဒနာ၊ မျက်စိဝေဒနာ၊ နားမကြားဆွံ့အသောသူများ၊ နှလုံးရောဂါ၊ အသည်းနှင့်အဆုတ်ရောဂါ ဝေဒနာခံစားနေရသူများ လုံးဝအနာရောဂါငြိမ်းခြင်းအခွင့်ရခဲ့ပါတယ်။

***နောင်တရလျက်၊ ယေရှုခရစ်တော် ကို ခေါ်ဖိတ်***
***လက်ခံလာကြသည် သာမက..ဆရာဝန်များက***
***လက်လျှော့ထားကြသော အောက်ပိုင်းသေသူများ***
***ချက်ခြင်း ပကတိ ထလမ်းလျှောက်နိုင်ကြ၏***

ဖိလစ်ပိုင်နိုင်ငံ လူပေါင်း (၃၀၀၀၀) ကျော်လာကြသော အားကစားကွင်းကြီး၌ ဧဝံဂေလိအစည်းအဝေးကြီးတွင် ဆရာကြီး Benny Hinn နှုတ်ကပတ်တော်ဝေငှပြီးနောက် ယေရှုနာမကို ချီးမြှောက်၍ ပဋ္ဌနာပြုပေးသောအခါ အနှစ် ၂၀ ဟောင်ကောင်တွင် ပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေးခဲ့သော အမျိုးသမီးတစ်စုအား ယေရှုနာမ၌ ပဋ္ဌနာပြုလျက် ညစ်ညူးသော နတ်ဆိုးကို ထွက်ရန် အမိန့်ပေးသောအခါ အော့အန်လျက်လဲကျပြီး ပြန်ထလာလျက်၊ ထပ်မံအမိန့်ပေးသောအခါ နောက်ထပ်တစ်ကြိမ် အော့အန်လျက် လဲကျ၏။ သုံးကြိမ်မြောက်အထိ လုပ်ဆောင်ပြီးနောက် ထိုအမျိုးသမီး ငယ်တစ်စုသည် မာရ်နတ်၏ ဖိစီးချုပ်နှောင်မှု အသရေပျက်သော ဘဝမှ လွတ်မြောက်မှုကို ရခဲ့ကြပါတယ်။ ဘုရားရှင်ကို ဘုန်းပေးလျက် သခင်ယေရှုအား ချီးမွမ်းလက်ခုပ်တီးလျက် ဝမ်းမြောက်ခြင်းနှင့် ပရိတ်များ သီဆိုပြီးနောက် ဆင်မြင့်ပေါ်မှ မိုက်ခွက်ထဲသို့ မှုတ်သွင်းဆုတောင်းလိုက်သောအခါ ဝိညာဉ်တော် တန်ခိုးအရှိန်ကြောင့် လူထောင်ပေါင်းများစွာ နောက်ပြန်လဲသွားခဲ့ပါတယ်။

ဤလက်တွေ့ သက်သေခံချက် မြင်တွေ့ချက်များကို ပြန်လည်သုံးသပ်ကြည့်သောအခါ ယေရှုခရစ်သည် မနေ့ယနေ့ နောင်ကာလ မပြောင်းလဲတဲ့ အရှင် ဖြစ်သောကြောင့် ယနေ့ မျက်မှောက်ကာလတွင်လည်း နှုတ်ကပတ်တော်ကို အတည်ပြုရန် လူမျိုးအပေါင်းကယ်တင်ခြင်းရ၍ သမ္မာတရား သိရန်၊ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားသည် ဓမ္မ ပုဂ္ဂိုလ်ကြီးများ မဟုတ်သော သာမန်ယုံကြည်သူဖြစ်သော တပည့်တော် အသက်တာကို ခံယူသည့် အမျိုးသမီးများကိုပင် သန့်ရှင်းသော

ဝိညာဉ်တော်သည် ကျိန်းဝပ်လျက် ပြည့်ဝလျက် တန်ခိုးအခွင့်အာဏာနှင့် သားတော်အားဖြင့် ခမည်းတော်သည် ဘုန်းထင်ရှားဖို့ရန် ဝိညာဉ်တော်ဘုရားသည် ကြီးမားစွာ ဖြည်းညှင်းစွာ သက်ဝင်လှုပ် ရှားလျက် ရှိပါသည်။ တမန်တော် ရှင်ပေတရု၏ ကနဦးအသင်းတော်၌ ပထမဦးဆုံး ဧဝံဂေလိဟောပြောချက်တွင် ပါရှိသည့်အတိုင်း နောင်ကာလ၌ ငါ၏ အမှုကို ဆောင်သောလူယောက်ျား၊ လူမိန်းမတို့အပေါ်၌ ငါ၏ ဝိညာဉ်ကို သွန်းလောင်းမည်ဟူသော ပရောဖက်ယောလ၏ ဗျာဒိတ်စကားသည် ကနဦးအသင်းတော်တွင် သာမက အသင်းတော်သမိုင်းတစ်လျှောက် ယနေ့ မျက်မှောက်ကာလအထိ ဆက်လက်ဖြစ်ပေါ်လျက် ပြည့်စုံလျက် ရှိနေပါသည်။ စပါးတို့သည် မှည့်ဝင်းလျက်ရှိ၍ ရိတ်သိမ်းသောသူအများ လိုအပ်လျက် ရှိနေပါသည်။

ထို့ကြောင့် အသင်းတော်များ စုပေါင်း၍ အစာရှောင်ခြင်း၊ အာရုံဦး ဆုတောင်းခြင်းများ၊ ဆုတောင်း ပဋ္ဌနာပြုခြင်းတို့ကြောင့် ကမ္ဘာတစ်ဝှမ်းလုံးသာမက မြန်မာနိုင်ငံတွင်လည်း ယုံကြည်သူ နှင့် တပည့်တော်အသက်တာ ခံယူသူများ အကြားအနာရောဂါငြိမ်းခြင်း၊ နတ်ဆိုးများကိုနှင်ထုတ်ခြင်း၊ စိတ်ကြွေမွသောသူတို့အား သက်သာစေခြင်း၊ ကျန်းမာလျက်၊ စားဝတ်နေရေး

> **နောင်ကာလ၌ ငါ၏အမှုကို ဆောင်သော လူယောက်ျား၊ လူမိန်းမတို့အပေါ်၌ ငါ၏ဝိညာဉ်ကို သွန်းလောင်းမည်ဟူသော ပရောဖက်ယောလ၏ ဗျာဒိတ်စကားသည်...ပြည့်စုံလျက်ရှိနေပါသည်**

ပြေလည်ပြီး ကောင်းကြီး မင်္ဂလာခံစားရ၍ ဘုရားရှင်ကို ကျေးဇူးတော် ချီးမွမ်းခြင်းနှင့်တကွ ဂုဏ်တော်ကိုလည်း ဝမ်းမြောက်စွာ ချီးမြှောက်လျက် ကိုးကွယ်ဝတ်ပြုလာကြသော အောင်မြင်သောဘုရားသခင် ဘုန်းထင်ရှားသော ယုံကြည်သူများနှင့် အသင်းတော်များ ယနေ့ နေရာအနှံ့ အပြားတွင် ပေါ်ပေါက် တိုးပွားလျက် ရှိကြောင်း မျက်မြင်သက်သေပင် ဖြစ်ကြပါသည်။

ဤနောက်ဆုံးသော ကာလတွင် ဘုရားသခင်၏ ဝိညာဉ်ကယ်တင်ခြင်းအကြောင်းကိုသာမက အနာရောဂါငြိမ်းခြင်း၊ ဝိညာဉ်ဆိုးများ၏ ဖိစီးမှုမှ လွတ်မြောက်ခြင်း၊ စားဝတ်နေရေးပြေလည်ပြီး ကောင်းကြီး မင်္ဂလာခံစားရသော ကားတိုင်တရား၏ ပူးတွဲအကျိုးရလဒ်ကို ကိုယ်တိုင်ခံစားရပြီး၊ ထိုသက်သေအားဖြင့် တပည့်တော်အသက်တာကို ခံယူကြသော ယုံကြည်သူ သားသမီးများတို့အား ဘုရားရှင်သည် ဝိညာဉ်တော်နှင့် ပြည့်ဝစေလျက် ကျွန်တော်/မတို့အားဖြင့် ဆင်းရဲသောသူတို့သည် ဝမ်းမြောက်ဖွယ်သတင်းကို ကြားစေလို၍ စိတ်ကြွေမွသောသူတို့အားလည်း ကိုယ်တိုင် စိတ်သက်သာခြင်း အခွင့်ရသော ကျွန်တော်/မအားဖြင့် ပြန်လည်နှစ်သိမ့်စေလိုပြီး ကျွန်တော်/မ အားဖြင့် ခရစ်တော်၏အခွင့်အာဏာကို စွဲကိုင်လျက်၊ ဝိညာဉ်ဆိုး ဖိစီးနှောက်ယှက်နေသူတို့အား လည်း လွတ်ခြင်းအခွင့်ပေးဖို့ရန် ဘုရားရှင်၏အကြွင်းမဲ့အလိုတော်ဖြစ်ပါတယ်။

ထို့ကြောင့် ပရောဖက် ဟေရှာယတုန့်ပြန်သကဲ့သို့ အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကို စေလွှတ်တော်မူပါ။ အသုံးပြုပါဟု မိမိအသက်တာကို နာဂစ်လေမုန်တိုင်း ခံရ၍ စိတ်ဒုက္ခခံနေရသောသူများထံသို့၄င်း၊ ပတ်ဝန်းကျင်အနီးအနားရှိ ဧဝံဂေလိမကြားရသေးသောသူများအတွက် ဝန်တာဖြစ်၍ သက်သေခံလို သူတိုင်းအား ဘုရားရှင်သည် ဝိညာဉ်တော်နှင့် ကျွန်တော်/မတို့အား ပြည့်ဝစေလျက် မိမိဘုန်းထင်ရှားဖို့၊ နိုင်ငံတော်တိုးပွား ကျယ်ပြန့်ဖို့ အမှန်အသုံးပြုမည်ဖြစ်သောကြောင့် မိမိတို့၏ နေ့ရက်အချိန်ကာလအသက်တာကို ကိုယ်တော်အား အကြွင်းမဲ့ပြန်လည်ဆက်ကပ်လျက် အသုံးပြုနိုင်ရန် အပ်နှံခြင်းဖြင့် လူအပေါင်းတို့သည် ကယ်တင်ခြင်းရရှိလျက် ဝမ်းမြောက်၊ ငြိမ်သက်ကြွယ်ဝသည့်အသက်တာကို ကျွန်တော်/မအားဖြင့် ခံစားရလျက် ဘုရားရှင်၏ဘုန်းတော်၊ နာမတော်သည် ထင်ရှားနိုင်ပါစေသော်ဟု နာမတော်မြတ်၌ မေတ္တာဖြင့် ဝေငှတိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

**နာမတော်မြတ်၌**

**ညီအစ်ကိုဦးယောသပ်**

# ယခုဘဝနောင်ဘဝနှင့်ဆိုင်သောအာမခံချက်

သေခြင်းတရားသည် မည်သူတစ်ဦးတစ်ယောက်မျှ မလွန်ဆန်နိုင်သော လောကဓမ္မတာတရားဖြစ်သည်။ ငိုခြင်းဖြင့်အစပြု၍ လောကအတွင်းသို့ ဝင်ရောက်လာကြသော လူသားတိုင်း တနေ့ တချိန်ချိန်တွင် သေခြင်းတရားနှင့် မလွဲမသွေ ကြုံတွေ့ရမည်ဖြစ်ပေသည်။သေခြင်းတရားသည် လူသားများအတွက် အမင်္ဂလာဟု ထင်ရသော်လည်း သေခြင်းနှင့် ပါတ်သက်၍ အဖြေတွေ့ပြီး စိတ်ချမှု ရှိသောသူများအတွက် မူကား မင်္ဂလာတစ်ပါး ဖြစ်ပေသည်။ သခင်ယေရှုက ကျွန်ုပ်တို့ စိုးရိမ်ပူပန်ခြင်း မရှိဖို့ အားပေးသလို နေစရာအခန်းများကို ကိုယ်တော်တိုင် ပြင်ဆင်ထားကြောင်း အသိပေး ဖော်ပြထားပါသည်။ ထိုအာမခံချက်ကို သိရှိခံစားထားပြီးသောသူများ အတွက်မူ သေခြင်းတရားသည် ဝမ်းနည်းစရာမဟုတ်ပါ။ သင်္ခါရဘဝမှ ထာဝရကာလသို့ ကူးပြောင်းသော တံခါးဝဖြစ်၍ ဝမ်းမြောက်စရာဖြစ်ပေသည်။

### သွားရမည့်လမ်းသိပြီလား

သခင်ခရစ်တော်ကို အသက်တာထဲ၌ ရရှိထားသောသူ၏အသက်တာသည် မျက်နှာအသွင်သဏ္ဌာန်၌ပေါ်လွင်သိသာပါသည်။ ဤလောကသည် သူ့အတွက် တဒင်္ဂသာရှင်ရမည့်နေရာဖြစ်ကြောင်း သိသဖြင့် သေခြင်းအတွက်လည်း ကြိုတင်ပြင်ဆင်မှုပြုပြီးသူဖြစ်သည်။ အနာဂတ်၌ မိမိသွားရမည့်နေရာကို ကြိုတင်သိထားသူဖြစ်သဖြင့် စိုးရိမ်ပူပန်ခြင်း စိုးစိမ့်မျှ မရှိပါ။ သေခြင်းတရား၏ နောက်သွားရမည့်နေရာကိုမသိ၊ ကြုံတွေ့ရမည့်အခြေအနေကို မသိကြသောသူများမူကား နေ့စဉ် အသက်ရှင်နေရချိန်၌ပင် စိတ်ငြိမ်သက်မှု မ

ရှိ၊ တမလွန်ရေးအတွက် ရင်လေးပြီး ပူပင်သောကစိတ်ဖြင့် ပြည့်နှက်နေသူ ဖြစ်သည်။ မိတ်ဆွေသင်သည် သေခြင်းတစ်ဖက်၌ ခံစားရမည့်အာမခံချက်နှင့် ပတ်သက်၍ ပြင်ဆင်မှု ပြုပြီးပြီလား။ လူသားအပါအဝင် လောကဓာတ်နှင့် လောကအရာများကို ဖန်ဆင်းတော်မူသည် သာမက ယခုဘဝနှင့် နောင်ဘဝအာမခံချက်ကို ပေးသောအရှင်နှင့် ဆက်သွယ်မှုရပြီးလား။ ထိုအရှင်သည် သင်၏အနီးအပါး၌ ရှိတော်မူသည် သာမက သေခြင်းနှင့်ပတ်သက်၍ အာမခံချက်နှင့်အတူ ငြိမ်သက်မှုအဖြေကို ပေးဖို့ရန် စောင့်မျှော်လျှက် ရှိပါသည်။ ဘုရားရှင်ကို နှလုံးသားအာရုံမှ တမ်းတသူတိုင်း ကိုယ်တော်က အတွေ့ခံပါသည်။ အချို့သောသူများသည် စပါးစေ့လေးတစ်စေ့ကို ကြည့်၍ ဆင်ခြင်ခြင်းအားဖြင့် ဖန်ဆင်းရှင်ဘုရားရှိကြောင်း သိရှိပြီး ကိုယ်တော်နှင့် တွေ့သွားကြပါသည်။ လူသားတိုင်းသည် တစ်ဦးနှင့် တစ်ဦး ခြားနားခြင်းမရှိ သေခြင်းတရားနှင့် ရင်ဆိုင်ကြုံတွေ့ကြရမည်ဖြစ်သည်။ သို့သော် ခြားနားသည်မှာ အချို့သောသူများက သေခြင်းတရား အတွက်ကြိုတင်ပြင်ဆင်ကြသော်လည်း၊ အချို့က ပြင်ဆင်မှု မရှိကြပါ။ သခင်ခရစ်တော်ကို သင့်အသက်တာ၌ ရရှိမထားသေးပါက တမလွန်အရေး စိတ်မအေးယုံမှုမက ဤလောကအသက်ရှင်နေစဉ် အချိန်၌ပင် စာတန်၏ ထိုးနှက်မှု၊ ဖိစီးမှု၊ ဒုက္ခအမျိုးမျိုးကို ခံစားကြရမည်ဖြစ်သည်။ သခင်ခရစ်တော်ကို အသက်တာ၌ရရှိထားပြီး နေ့စဉ် ဖြောင့်မတ်ခြင်း တရားလမ်း၌ နာခံအသက်ရှင်သူများ၏ အသက်တာ၌မူ စားဖို့၊ ဝတ်ဖို့၊ နေဖို့ ယခုဘဝနှင့်ဆိုင်သည့် လိုအပ်ချက်များ ဖူလုံသည်သာမက တမလွန်အတွက်လည်း စိတ်ပူစရာ မလိုပါ။ သခင် ခရစ်တော်က ဘဝနှစ်ခုလုံး အတွက် တာဝန်ယူပြီး ဖြစ်သည်။

## အသက်နှစ်ချောင်းရှိ

လူသားတိုင်း၌ အသက်နှစ်ချောင်းရှိပါသည်။ ပဌမအသက်မှာ ရုပ်သက်ဖြစ်ပြီး တဒင်္ဂသာ တည်ပါသည်။ ဘုရားသခင် ဖန်ဆင်းစကလူသည် အပြစ်ကင်းစင်ပြီး ဘုရားရှင်နှင့် သဏ္ဍာန်တူသော်လည်း စကားတော်ကို နားမထောင်သဖြင့် အပြစ်ဝင်လာသည့်အချိန်မှစ၍ သင်္ခါရနှင့် တွဲဖက်ပြီး အိုခြင်း၊ နာခြင်း၊ သေခြင်း၌ လမ်းဆုံးရကြသည်။ လောကအသက်ရှင်နေချိန်၌ပင် ဒုက္ခ၊ ပြဿနာ၊ ရောဂါ စသည့်ဖိစီးမှုအမျိုးမျိုးကို ခံစားရပြီး ယိုယွင်းခြင်းအမျိုးမျိုးဖြင့် သင်္ခါရသက်သေကို ခံစားကြရသည်။ မည်မျှပြုပြင်တည်ဆောက်စေကာမူ အဆုံး၌ ပျက်စီးရမည်သာဖြစ်သည်။ ဒုတိယအသက်မှာ နာမ်သက်ဖြစ်သည်။ ပဌမရုပ်သက်ပျက်စီး၍ မြေကြီးသို့ စွန့်ပစ်ရစေကာမူ ထိုနာမ်သက်က ရှိနေမည်ဖြစ်သည်။ ဒုတိယအသက်သည် ထာဝရဖြစ်ပါသည်။ ခရစ်တော်ကို အသက်တာ၌ ရရှိထားသူသည် ရုပ်သက်ကျေပျက် သွားပါစေ၊ ဝမ်းနည်းကြေကွဲစရာ မလိုပါ။ ထာဝရကဏ္ဍကို ခရီးဆက်ရမည့် နာမ်သက်က ရှိနေပြီးဖြစ်သည်။ မိတ်ဆွေ သင်သည် ခရစ်တော်အားဖြင့် ဒုတိယအသက်ကို ရရှိပိုင်ဆိုင်ထားပြီလား။ သို့တည်းမဟုတ် သင်္ခါရရုပ်သက်ဖြင့်သာ ခရီးဆက်နေသေးသူ ဖြစ်ပါသလား။ သို့ဖြစ်ပါက သေခြင်းသည် သင့်အတွက် ကြောက်ရွံ့ထိတ်လန့်စရာ ဖြစ်ပေမည်။ ထိုအဖြစ်ဆိုးမှ လွတ်ဖို့ရန် သင့်အသက်တာကို ယခုပင် ပြင်ဆင်သင့်ပါသည်။ နက်ဖြန်နေ့ကို အကြောင်းပြု၍ စောင့်ဆိုင်း မနေသင့်ပါ။ ယနေ့ပင် သင်နှင့် ကျွန်ုပ်၏ နောက်ဆုံးနေ့ ဖြစ်သွားနိုင်ပါသည်။ ယခုပင် ကျွန်ုပ်တို့၏ နောက်ဆုံးအချိန် ဖြစ်သွားနိုင်ပါသည်။ ပါတ်ဝန်းကျင်၌ အခုမြင် အခုပျောက်သွားကြသောလူများစွာကို ကျွန်ုပ်တို့ တွေ့နေကြရသည်။ (၁ယော ၅း၁၁-၁၂)တွင် သားတော်ကို ရသောသူသည် အသက်ကို ရ၏။ ဘုရားသခင်၏ သားတော်ကို မရသောသူမူကား အသက်ကိုမရဟု အသိပေး ဖော်ပြထားပါသည်။ ထိုစကားသည် သင်နှင့် ကျွန်ုပ်အတွက် သတိပေးစကားဖြစ်ပါသည်။ သင့်အသက်တာထဲ၌ ခရစ်တော်ကို မရရှိသေးပါက ယခုပင် ထိုအရှင်ကို ယုံကြည်လက်ခံခြင်းအားဖြင့် ထာဝရကာလနှင့်ဆိုင်သည့် ဒုတိယအသက်ကို ပိုင်ဆိုင်ရရှိဖို့ရန် ပြင်ဆင်သင့်ပါသည်။

## ကယ်တင်ခြင်းသုံးမျိုး

ကျွန်ုပ်တို့ အယောက်တိုင်း ခံစားဖို့ရန် ကယ်တင်ခြင်းကဏ္ဍကို သုံးပိုင်း ဘုရားရှင်က ပြင်ဆင်ထားပါသည်။ ဦးစွာအပြစ်အခ သေခြင်းမှ ကယ်တင်ခြင်းဖြစ်သည်။ ယေရှုခရစ်ကားတိုင်ပေါ်၌ အဖိုးအခပေး၍ ထိုကယ်တင်ခြင်းအတွက် ပြီးပြည့်စုံသောအမှုကို ပြုခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့ဖက်မှ မည်သည့်အမှုကိုမျှ ပြုစရာမလို၊ အဖိုးအခမဲ့ ခံစားဖို့ရန် ကျေးဇူးတော်အားဖြင့် ပြုတော်မူသော ဆုမင်္ဂလာဖြစ်သည်။ ဒုတိယ ကယ်တင်ခြင်းမှာ အပြစ်မျက်နှာပြင်၊ အပြစ်ရှိသောနေရာမှ ကယ်တင်သော ကယ်တင်ခြင်းဖြစ်ပါသည်။ ထိုကယ်တင်ခြင်းသည် ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ရှင် အဖြစ်ယုံကြည်၍ ခရစ်တော်၏ကိုယ်တည်းဟူသော မျက်မြင်မရသည့်အသင်းတော်ထဲ၌ ပါဝင်သော ယုံကြည်သူအယောက်တိုင်းကို ခရစ်တော်ကြွလာသည့်အခါ ဤလောကမြေကြီးမှ ကယ်တင်ခြင်းဖြစ်သည်။ ထိုကယ်တင်ခြင်းသည် အနာဂတ်၌ ခံစားရမည့်ကယ်တင်ခြင်းဖြစ်သည်။ တတိယ ကယ်တင်ခြင်းမှာ အပြစ်တန်ခိုးမှ ကယ်တင်ခြင်း ဖြစ်သည်။ ထိုကယ်တင်ခြင်းသည် ဤလောက၌အသက်ရှင်နေစဉ် လောကီသွေးဆောင်မှုအမျိုးမျိုး၊ သွေးသားတပ်မက်မှု၏လှည့်စားခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ ဝါကြွားခြင်း အမျိုးမျိုးကြောင့် ဘုရားသခင်အလိုတော်အတိုင်း အသက်မရှင်နိုင်။ အပြစ်တန်ခိုး၏ဖိစီးမှု ဆုံးရှုံးနေသောအသက်တာမှ ကယ်တင်ခြင်း ဖြစ်သည်။ (ဖိ ၂း၁၂-၁၄) ထိုကယ်တင်ခြင်း ကျေးဇူးခံစားနိုင်ဖို့ရန် ကျွန်ုပ်တို့ကိုယ်တိုင် ဘုရားရှင် မနှစ်သက်သည့် အကျင့်ဆိုးများကို ရွံမုန်းပြီး လွတ်မြောက်လိုသည့် ဆန္ဒရှိဖို့ လိုအပ်ပါသည်။ ထိုသို့ဆန္ဒရှိသည့်အခါ ထိုဖိစီးမှု အကျင့်ဆိုးများမှ လွတ်ဖို့ရန် ကျွန်ုပ်တို့အထဲမှ နေ၍ ကိုယ်တော်က ခွန်အားပေးမစမည်ဖြစ်ပါသည်။ ကိုယ်တော်အားဖြင့် ထိုအပြစ်တန်ခိုး၏ ဖိစီးမှုအောက်မှ လွတ်၍ အောင်မြင်သောအသက်တာ၌ကျွန်ုပ်တို့ အသက်ရှင်နိုင်ကြပါသည်။ သခင်ခရစ်တော်အားဖြင့် ကျွန်ုပ်တို့ခံစားဖို့ရန် ဘုရားသခင်ပြင်ဆင်ထားသည့် ယခုဘဝ၊ နောင်ဘဝနှင့် ဆက်ဆိုင်သည့် အာမခံချက်နှင့်အတူ အပြစ်တန်ခိုး၏ ဖိစီးမှုအောက်မှ လွတ်၍ အောင်မြင်သောအသက်တာ၌ အသက်ရှင်နိုင်ဖို့ရန် သခင်ခရစ်တော် ကို ယုံကြည်လက်ခံ၍ ကိုးစားနာခံခြင်းအားဖြင့် ကျွန်ုပ်တို့အသက်တာများကိုပြင်ဆင်နိုင်ဖို့ရန် မေတ္တာနှင့်အသိပေးဝေငှလိုက်ရပါသည်။

**နာမတော်မြတ်၌**

**ညီအစ်ကိုဦးတင်မောင်ညို**

# ဘုရားသခင်၏မိန့်တော်မူချက်နှင့်အညီ



ဘုရားသခင်သည် လူကိုဖန်ဆင်းပြီးနောက် (ကမ္ဘာ ၁း၂၈)တွင် ပထမဦးဆုံးသော မိန့်တော်မူချက်မှာ “အချင်းတို့ များပြားစွာမွေးဖွားကြလော့”ဟူ၍ ဖြစ်ပါသည်။ ထို့နောက် သခင်ဘုရားလောကသို့ ကြွလာတော်မူပြီး နောက်ဆုံးမိန့်မှာတော်မူချက်မှာ (မ၊ ၂၈း၁၉) တွင် သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျှက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။ ဤပထမဦးဆုံးသော မိန့်မှာချက်နှင့် နောက်ဆုံးမိန့်မှာချက်နှစ်ခုတွင် လော့ ဟူသော စကားကို တွေ့ရသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့အနေနှင့် ထိုမိန့်မှာချက်များကို နားထောင်၍ လုပ်ဆောင်ဖို့ရန် အလိုတော်ရှိ၍ စေခိုင်းသောစကားဖြစ်သည်။

## မိန့်တော်မူချက် နှစ်မျိုး

ဘုရားရှင်၏ စေခိုင်းချက်ကြီးနှစ်ခုအနက် ပထမတစ်ခုကို လူသားများလိုက်နာကြသည်ဟု ဆိုရမည်ဖြစ်သည်။ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီး၌ လူဦးရေသည် တနေ့ထက်တနေ့ တိုးပွားများပြားလျှက်ရှိသည်။ ကမ္ဘာ့လူဦးရေစာရင်းကို ကြည့်ပါသော် လူဦးရေသန်းပေါင်းထောင်နှင့်ချီ၍ တိုးပွားလာကြောင်းတွေ့ရသည်။ ပထမစေခိုင်းချက်ဖြစ်သော အချင်းတို့ များပြားစွာ မွေးဖွားကြလော့ဟူသည့်စကားကို လူအများနားထောင်ကြသော်လည်း ဒုတိယစေခိုင်းချက်ဖြစ်သည့် လူမျိုးတကာတို့ကို ငါ့တပည့် ဖြစ်စေကြလော့ ဟူသည့်စကားကိုမူ နားထောင်သူနည်းလှပေသည်။ ကမ္ဘာလူဦးရေနှင့်နှိုင်းစာလျှင် ယုံကြည်သူ အရေအတွက်သည် မပြောပလောက်ပါ။ အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ကို ပြန်၍ သုံးသပ်သင့်ကြပေသည်။ အသင်းတော်အသီးသီး သာသနာပြုအဖွဲ့အစည်းအသီးသီးမှ ယုံကြည်သူများ ဘုရားသခင်၏စကားကို နားထောင်သင့်သလောက် နားမထောင်ကြ၍ ဖြစ်သည်။ ယုံကြည်သူတိုင်းသည် မိမိတို့အနီးအပါးရှိလူများကို သခင်ခရစ်တော်၏ မေတ္တာအကြောင်း ဝေငှသက်သေခံပြီး ကိုယ်တော့်ထံ ခေါ်ဆောင်လာပါက အသင်းတော်အသီးသီး၌ ဝတ်ပြုရန် နေရာလုံလောက်မည် မဟုတ်ပေ။ တပည့်တော်အရေအတွက်များစွာ တိုးပွားလာမည်မှာ သေချာလှပါသည်။

## ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့ပါ

လောကကြီးထဲတွင် လူသုံးမျိုးသုံးစား တွေ့နိုင်သည်။ ပထမတစ်မျိုးမှာ မိမိကိုယ်ကိုပင် မိမိ မနိုင်၍ အိပ်ရာပေါ်၌ လဲလျောင်းနေရသောလူတစ်မျိုး၊ ဒုတိယတစ်မျိုးမှာ မိမိကိုယ် တစ်ကိုယ်စာကို နိုင်ယုံမျှသာရှိသောလူတစ်မျိုး၊ တတိယတစ်မျိုးမှာ မိမိကိုယ်ကိုမိမိနိုင်ယုံမျှမက အခြားသူများကိုလည်း ကူညီမစမှုပြုနိုင်သောသူတစ်မျိုးဟူ၍ တွေ့ရသည်။ ခရစ်ယာန်လောကကြီးထဲတွင်လည်း အလားတူ သုံးမျိုးကို တွေ့ရသည်။ မိမိကိုယ်ကိုပင် မိမိ မနိုင်၊ လဲပြိုနေသော လူတစ်မျိုး၊ မိမိကိုယ်တစ်ကိုယ်စာအတွက် ဖူလုံစွာ ရပ်တည်နိုင်သော်လည်း အခြားသူကို မကူနိုင်သည့်လူတစ်မျိုး၊ နောက်ဆုံးတစ်မျိုးမှာ မိမိအတွက်ကောင်းစွာ ရပ်တည်နိုင်သည်သာမက ခိုင်ခန့်ကြွယ်ဝခြင်းရှိပြီး အခြားသူများကိုလည်း ကူညီမစပေးကမ်းဝေငှနိုင်သောသူဟူ၍ တစ်ဦးနှင့်တစ်ဦးမတူ၊ ခြားနားစွာ ရှင်သန်နေကြသူများကို တွေ့နိုင်ပါသည်။ ခရစ်ယာန်လောကကြီးထဲတွင် တတိယအမျိုးအစားဖြစ်သည့် ခိုင်ခန့်ကြွယ်ဝပြီး မိမိအတွက် ဖူလုံမှုရှိယုံမျှမက အခြားသူကို ကူညီမစနိုင်သူ၊ အရေအတွက်မှာ နည်းလှပေသည်။ ထိုသို့နည်းပါးခြင်းကြောင့် ဒုတိယမိန့်မှာချက်ဖြစ်သည့် တပည့်တော်ဦးရေမပွားခြင်းလည်း ဖြစ်နိုင်ပေသည်။ အချို့က ယုံကြည်သူဦးရေ မတိုးပွားခြင်းသည် ကြိုးစား၍ မလုပ်ဆောင်ကြသောကြောင့်ဟု ဆိုပါသည်။ ထို့ကြောင့် အချို့က ဆက်ကပ်မည်။ အမှုတော်ဆောင်မည်။ ကြိုးစားလုပ်ဆောင်မည်ဟုဆိုကြသည်။ ကြိုးစားတိုင်းရနိုင်မည်လား။ အိမ်တစ်ခု၌ ကလေးသားသမီးရဖို့ရန် မည်သည့်အရာအရေးကြီးပါသနည်း။ ငွေရဖို့ကြိုးစားခြင်း၊ အလုပ်ကိုကြိုးစားခြင်းက အဓိကမကျပါ။ ယောကျ်ားနှင့်မိန်းမ အတူတကွ အချိန်ပေးပြီးနေမှသာ ကလေးသားသမီးရနိုင်မည်ဖြစ်ပါသည်။ ထို့အတူ ဝိညာဉ်ကလေးဖွားဖို့ရန် အရေးမှာ သတို့သားတည်းဟူသော ခရစ်တော်ဘုရားနှင့် အချိန်များစွာပေးပြီး မိတ်သဟာယဖွဲ့မှသာလျှင် ရနိုင်မည်ဖြစ်သည်။ အချို့သောအမှုတော်ဆောင်များက သခင်ခရစ်တော်နှင့် အချိန်ပေး၍ မိတ်သဟာယဖွဲ့ဖို့ထက် အလုပ်ကြိုးစားလုပ်ဆောင်ဖို့ကို အရေးထားကြသည်။ ထိုသို့ပြုခြင်းဖြင့် ဝိညာဉ်ကလေး မပွားနိုင်ပါ။ နောက်ထပ်ကလေး မရနိုင်သော အချက်တစ်ချက်မှာရောဂါရှိ၍ ကျန်းမာရေးမကောင်း၍ဖြစ်သည်။ ထို့နည်းတူ ယုံကြည်သူတစ်ဦးသည် ရောဂါရှိပါက ကလေးမပွားနိုင်ပါ။

> *ပထမစေခိုင်းချက်ဖြစ်သော အချင်းတို့ များပြားစွာ မွေးဖွားကြ လော့ဟူသည့်စကားကို လူအများ နားထောင်ကြသော်လည်း ဒုတိယ စေခိုင်းချက်ဖြစ်သည့် လူမျိုးတကာ တို့ကို ငါ့တပည့် ဖြစ်စေကြလော့ ဟူသည့်စကားကိုမူ နားထောင်သူ နည်းလှပေသည်*

## တပ်မက်ခြင်း၏ဆိုးကျိုး

ဣသရေလလူတို့၏ သမိုင်းကိုကြည့်ပါက ယေရိခေါ်မြို့ကို တိုက်သည့်အခါ ဘုရားသခင် အတူပါရှိသောကြောင့် ခိုင်ခန့်သောမြို့ရိုးပြိုလဲသည်သာမက အောင်မြင်မှုရခဲ့သည်။ သို့သော် အာဣမြို့ကို တိုက်ခိုက်သည့်အခါ ယေရိခေါ်မြို့လောက်

အင်အားမကြီးမားသော်လည်း မအောင်မြင်ဘဲ အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။ ဣသရေလလူတို့ ထိုသို့ရှုံးရခြင်းမှာ သူတို့အထဲမှ အာခန်သည် ရွှေငွေနှင့် ဗာဗုလုန်ဝတ်လုံကိုမြင်ပြီး တပ်မက်စိတ်ကြောင့် ကျိန်အပ်သောအရာကို သိမ်းယူဝှက်ထားမိသောအပြစ်ကြောင့် ဖြစ်ပါသည်။ ထို့အတူ ရှန်ဆုန်သည် ဘုရားသခင်၏ နာဇရိလူဖြစ်၍ ဘုရားသခင်၏ ဘိသိတ်ကို ခံရသူဖြစ်သည်။ အသေကောင် မထိရန် မြစ်တားထားသည်ကို သိသော်လည်း ခြင်္သေ့ အသေကောင်ထဲမှ ပျားရည်ကို တပ်မက်၍ စားလိုသဖြင့် ယူငင်ရာမှ အသေ ကောင်ကို ထိမိသဖြင့် ဘိသိတ်ပျောက်ပြီး အောင်မြင်မှုအမျိုးမျိုးကို ခံစားနေရာမှ ဆုံးရှုံးခဲ့ရသည်။ ထို့အတူ ဒါဝိတ်သည်လည်း ဂေါလျက်ကို နိုင်ရသောအခွင့်၊ ခြင်္သေ့၊ ဝက်ဝံကို အောင်နိုင်ရသောအခွင့်ရခဲ့ပါလျှက် အမျိုးသမီးတစ်ဦးကို တပ်မက်၍ မှားမိသဖြင့် ဘိသိတ်ပျက်ခဲ့ရပြီး ဆုံးရှုံးမှု အမျိုးမျိုးကို ခံစားခဲ့ရသည်။ ထို့ကြောင့် ကျွန်ုပ်တို့အသက်တာ၌ အားနည်း၍၊ အောင်မြင်မှုမရအောင်၊ ပြုသောအရာသည် ကျွန်ုပ်တို့အထဲ၌ ရှိသော တပ်မက်စိတ်ပင် ဖြစ်ပေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် မိမိကိုယ်မိမိ မနိုင်သောအခြေအနေ၊ မိမိကိုယ်ကို နိုင်သော်လည်း အခြားသူများကို ကူနိုင်သော အခြေမရှိရခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ခရစ်ယာန်အသက်တာ၌ အောင်မြင်မှုနှင့် ကျရှုံးမှုသည် အပြင်မှမဟုတ်ပါ။ ကျွန်ုပ်တို့အတွင်းမှရှိသည့်အရာက အောင်မြင်စေမှာဖြစ်သလို အားလျော့ ကျရှုံးမှုကို ဖြစ်စေမည် ဖြစ်သည်။ (၁ယော ၂း၁၆)တွင် ကိုယ်ကာယ တပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ ဝါကြွားခြင်းသည် ခမည်းတော်ဘုရားနှင့် မဆက်ဆိုင်။ လောကနှင့်သာဆက်ဆိုင်ကြောင်း အသိ ပေးဖော်ပြထားပါသည်။အာခန်၏တပ်မက်ခြင်းသည် ဗာဗုလုန်ဝတ်လုံကို တပ်မက်ခြင်း၊ မျက်စေ့ တပ်မက်ခြင်းဖြစ်သလို ရှံဆုန်နှင့် ဒါဝိတ်တို့၏တပ်မက်ခြင်းသည် အသွေးအသား ကိုယ်ကာယတပ်မက်ခြင်း ဖြစ်သည်။

## ကျော်ဇောကိတ္တိကို တပ်မက်စိတ်

(ဖိ၊ ၂း၃) ကျော်ဇောခြင်းကို တပ်မက်သောစိတ်သည်လည်း ကျွန်ုပ်တို့ကို ကျရှုံးစေသည့်အရာဖြစ်သည်ကို သတိချပ်သင့်ပါသည်။ အသုံးဝင်ချင်သောစိတ်၊ လူရာဝင်လိုသောစိတ်၊ အမြင့်ကို တက်ချင်သောစိတ်သည်လည်း တပ်မက်ခြင်းတစ်ခုပင်ဖြစ်သည်။ ဝန်တာဖြစ်၍ အလုပ်လုပ်ချင်သောစိတ်နှင့် နေရာယူချင်၍ အလုပ်လုပ်ခြင်းသည် ဆင်တူသယောင်ရှိသော်လည်း ခြားနားပါသည်။ နေရာယူချင်၍ အလုပ်လုပ်သူမှာ မိမိအောက်၌ နေမည့်သူများကို စည်းရုံးရသည်။ သို့မှသာ သူကအပေါ်ကို တက်နိုင်မည်ဖြစ်သည်။ ထိုသို့သောသဘောကို အဗရှလုန်အသက်တာ၌ တွေ့ရသည်။ သူသည် ရှင်ဘုရင်အရာ ရလို၍ စောစီးစွာထပြီး မြို့တံခါး၌ စောင့်၍လူများကို နှုတ်ဆက်ပြီး စည်းရုံးကြောင်း တွေ့ရသည်။ ဤအကဲအမှုး ဖြစ်လိုသောစိတ်၊ ကျော်ဇောကိတ္တိကို တပ်မက်သောစိတ်သည် လူကို ဒုက္ခဖြစ်စေပါသည်။ ကျွန်ုပ်တို့ နောက်တော်သို့ လိုက်ဖို့ရန် လမ်းပြခဲ့သောသခင်ခရစ်တော်သည် ကောင်းကင်ဘုန်း စည်းစိမ်ကို စွန့်လွှတ်၍ လူ့အဖြစ်ကို ခံယူကာ အစေခံကျွန်၏ သဏ္ဍာန်ကို ဆောင်ယူ၍ ကိုယ်ကို နှိမ့်ချခြင်းခံယူလျှက် ကြွလာခဲ့ပါသည်။ ထိုအရှင်နောက်သို့ ကျွန်ုပ်တို့လိုက်နေခြင်း ဖြစ်သည်။ ထိုအရှင်သည် တပည့်တော်တို့၏ခြေကို ဆေးပေးသောအရှင်ဖြစ်ပါသည်။ ထို့ကြောင့် အမြင့်သို့ တက်လိုသောစိတ်၊ အကဲအမှုး ဖြစ်လို၍ ကျော်ဇောလိုသောစိတ်သည် ထိုအရှင်နှင့် လားလားမျှ ထိုက်တန်ခြင်း မရှိပါ။ ထိုစိတ်သဘော ကျွန်ုပ်တို့အထဲ၌ ရှိနေပါက ခရစ်တော်ဘုရားဘက်၌ ကျေးဇူးတရားဖက်၌ အားကြီးသောသူ ဘယ်သောအခါမျှ ဖြစ်လာမည်မဟုတ်ပါ။ ကျွန်ုပ်တို့အထဲ၌ လောဒိကိ အသင်းတော်ကဲ့သို့ မပူ၊ မအေး၊ နွေးယုံသာရှိပါက ထိုသဘောကို ဘုရားသခင်မနှစ်သက်ပါ။ (ယာ ၁း၁၅)တွင် တပ်မက်စိတ်သည် ပဋိသန္ဓေယူ၍ ဒုစရိုက်ကို ဖွားတတ်ကြောင်း၊ ဒုစရိုက်သည်လည်း ပြည့်စုံလျှင် သေခြင်းကို ဖွားတတ်ကြောင်း သတိပေးထားပါသည်။ တပ်မက်စိတ်သည် ကျွန်ုပ်တို့အထဲ၌ မျိုးစေ့ကျပါက ထိုအတိုင်းရှိမနေပါ။ တဖြည်းဖြည်း တိုးပွားလာပါသည်။ ထိုစိတ်သဘောသည် အချိန်တန်သည့်အခါ ဒုစရိုက်အဖြစ် လက်တွေ့အကောင်အထည်ပေါ် ထွက်လာပါသည်။ ထိုဒုစရိုက်သည် ပြည့်စုံလာသည့်အခါ သေခြင်းကို ဖြစ်စေပါသည်။ ထိုသေခြင်းသည် ရုပ်ခန္ဓာသေခြင်း ဖြစ်စေသလို ဘုရားသခင်ကို ယုံကြည်၍ ရှင်သန်ခြင်း ကဏ္ဍာသေခြင်းလည်း ဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် ခရစ်ယာန်အသက်တာ၌ ဘုရားသခင်ကိုချစ်သောစိတ်၌ အားကြီးလိုပါက ကျွန်ုပ်တို့အားဖြင့် များစွာသောသူများကို ခရစ်တော်၏ တပည့်အဖြစ် ခေါ်ဆောင်လိုပါက ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာကဏ္ဍာ၌ ရောဂါမရှိဖို့ ခရစ်တော်ဘုရားနှင့် များစွာ အချိန်ယူ၍ မိတ်သဟာယပြုပြီး ရှင်သန်ဖို့လိုပါသည်။ တစ်ချိန်၌ ကျွန်ုပ်တို့သည် လောကမှ စုတေ့၍ ခရစ်တော်ထံ ပြန်သွားကြရမည့်သူများဖြစ်ကြသည်။ ထိုသို့ ပြန်သွားသည့်အခါ ကျွန်ုပ်တို့ လက်ချည်းသက်သက် တစ်ကိုယ်တည်း ပြန်သွားကြမည်လား။ သို့တည်းမဟုတ် ဘယ်နှစ်ဦးကို ကိုယ်တော်ထံ ခေါ်ဆောင်၍သွားကြမည်နည်း။ မိမိတို့ ကိုယ်မိမိတို့ စစ်ဆေး၍ အချိန်မီ သတိပြုဆင်ခြင်လျှက် ကျွန်ုပ်တို့အထဲ၌ အထက်ဖော်ပြပါ တပ်မက်သောစိတ်သဘောများ ရှိနေပါက ဆက်လက်တိုးပွားခွင့် ကြီးထွားခွင့်မပြုဘဲ ငြင်းပယ်စွန့်ပစ်ဖို့ လိုပါသည်။ သို့ပြုပါက ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်ထံမှ ကယ်တင်ခြင်းနှင့်ယှဉ်သောဝမ်းမြောက်ခြင်းကို ပြန်လည်ခံစားရပြီး ကောင်းကင်ဘုံသို့ မရောက်ရှိသေးသော်လည်း ကောင်းကင် အရသာကို ခံစားရလျှက် ကောင်းမြတ်သောအသက်တာကို ပြန်လည်ရရှိမည် ဖြစ်သည်သာမက အာကြီးသောခရစ်ယာန်အသက်တာ၌ ရှင်သန်ပြီး များစွာသောသူများကို ကိုယ်တော်ထံသို့ ခေါ်ဆောင်သွားနိုင်ကြမည်ဖြစ်ကြောင်း မေတ္တာနှင့် အသိပေးဝေငှလိုက်ရပါသည်။

*တပ်မက်စိတ်သည် ကျွန်ုပ်တို့အထဲ၌ မျိုးစေ့ကျပါက ထိုအတိုင်းရှိမနေပါ။ တဖြည်းဖြည်း တိုးပွားလာပါသည်။ ထိုစိတ်သဘောသည် အချိန်တန်သည့်အခါ ဒုစရိုက်အဖြစ် လက်တွေ့ အကောင်အထည်ပေါ် ထွက်လာပါသည်*

**နာမတော်မြတ်၌**

**ညီအစ်ကိုဦးဒယ်နီရယ်**

# ငါဖြစ်သည့်အတိုင်း ငါဖြစ်၏

လူ၌ လောကရှိအရာများကို စူးစမ်းခံစားတတ်သည့်အာရုံများရှိသလို ဘုရားကို တမ်းတ၍ သိလိုသည့် ဓမ္မအာရုံလည်း ရှိပါသည်။ ဘုရားသည် သဗ္ဗေညုတဉာဏ်တော်ရှင်ဖြစ်ယုံမျှမက မေတ္တာသည် အနှိုင်းအဆမရှိ ကြီးမားလှပါသည်။ လူတစ်ဦးနှင့် တစ်ဦးအသိတရား ကွာဟမှု ရှိပါသည်။ ဤကွာဟမှုကို အကြောင်းပြု၍ သူမှန်သည် ကိုယ်မှန်သည် စသည်ဖြင့် အငြင်းပွားတတ်ကြသည်။ လူသားတို့၏ အသိနှင့် ယုံကြည်မှုကို အခြေပြု၍ ဘာသာတရားအားဖြင့် ကွာခြားကြသော်လည်း ဘုရားဟူသည် ခြားနားမှု မရှိပါ။ ဘုရားဟူသည် တဆူတည်းရှိတော်မူသည်သာမက လောကီလူသားတိုင်းတို့နှင့်လည်း သက်ဆိုင်မှုရှိပါသည်။

## ငါသည် ငါပင်ဖြစ်၏

(ထွက် ၃း၁၃-၁၄)တွင် မောရှေကြီးက ဘုရားသခင်၏နာမတော်ကား အဘယ်သို့နည်းဟု မေးတော်မူပါသည်။ ယနေ့ မောရှေကြီးကဲ့သို ထာဝရဘုရား၏နာမတော်ကို သိလို၍ မေးမြန်းသူများရှိကြမည် ဖြစ်ပါသည်။ ထိုသို့ မေးမြန်းသူ၊ သိလိုသူအားလုံးအား ဘုရားရှင်က မိမိသည် ငါဖြစ်သည့်အတိုင်း ငါဖြစ်သည်ဟု မိန့်တော်မူပါသည်။ ဘုရားရှင်သည် လူသားတိုင်းအပေါ်၌ မျက်နှာလိုက်ခြင်းမရှိပါ။ လူသားများ၏တောင့်တမှု၊ လိုအပ်ချက်အပေါ်အခြေပြုပြီး ဖော်ကျူးသည့် ဂုဏ်ပုဒ်တိုင်း၌ ကိုယ်တော် ဖြစ်တော်မူပါသည်။ တဆူတည်းသောဘုရားကား ကိုယ်တော်ပင်ဖြစ်ပေသည်။ အနန္တတန်ခိုးရှင်သည်လည်းကိုယ်တော်ပေတည်း။ မေတ္တာတော်နှင့် ပြည့်စုံ၍ ကျေးဇူးပြုချင်သောဘုရားသည်လည်း ကိုယ်တော်ပေတည်း။ ပြဿနာနှင့် အကုသိုလ်ပိနေရာမှ နောင်တရ၍ ကိုယ်တော်ထံသို့ လှည့်လာသောသူကို လက်ခံ၍ ကယ်တင်ခြင်းပေးသောဘုရားသည်လည်း ကိုယ်တော်ပေတည်း။ ရှာသောသူတိုင်း ရှာတွေ့နိုင်သောဘုရားသည် ကိုယ်တော်ပင်ဖြစ်သလို နှလုံးသားနှင့် ခေါ်သူတိုင်းအား ထူးသောဘုရားရှင်မှာလည်း ကိုယ်တော်ပင် ဖြစ်ပေသည်။ မည်သို့သောအသက်တာမျိုး၌ ရှင်သန်နေပါစေ၊ မည်သို့သောဖိစီးမှု အောက်၌ ရှိနေပါစေ၊ စစ်မှန်သော နောင်တနှင့် ကိုယ်တော်ထံသို့လာပါက ထိုသူအားလက်ခံပြီး ခွင့်လွှတ်ကောင်းကြီးပေးသည်သာမက အသက်တာသစ်၌ ရှင်သန်စေပါသည်။ ကျွန်ုပ်တို့လိုအပ်ချက်သည် ကျန်းမာရေးလား၊ အိမ်ထောင်ရေးပြဿနာလား၊ စီးပွားရေးလား၊ ငွေကြေးခက်ခဲမှုလား။ ထိုကဏ္ဍတိုင်းအတွက် ကယ်တင်သောနာမသည် ငါဖြစ်သည့်အတိုင်း ငါဖြစ်၏ဟု နာမရှိသော ကိုယ်တော်ပင်ဖြစ်ပေသည်။ လောက၌ အသက်ရှင်နေသူတိုင်းအတွက် စိတ်ပူစရာကဏ္ဍနှစ်ဖြာရှိပါသည်။ ပထမကဏ္ဍမှာ လောကအသက်ရှင်စဉ် နေ့စဉ်စားသောက်ဖို့ဖြစ်ပြီး ဒုတိယကဏ္ဍမှာ သေပြီးသည့် နောက်ကြုံတွေ့ရမည့်ဖြစ်အင်ပေတည်း။ ယနေ့လူအများအာရုံစိုက်နေသည်မှာ ပထမကဏ္ဍလိုအပ်ချက်ဖြစ်သည်။ သာလွန်၍ အရေးကြီးသည်မှာ ပထမကဏ္ဍမဟုတ်ပါ။ လူမှန်လျှင် နေ့စဉ်စားသောက်ဖွယ်ရာပြည့်စုံစွာ ရှိနေပါစေ၊ တနေ့သေရမည်မှာ မုချဖြစ်ပါသည်။ သေလွန်ပြီးသည့်နောက် လူ့ဖြစ်အင်သည်သာလွန်၍ အရေးကြီးပါသည်။ ထိုကဏ္ဍအတွက် မှီခိုရာအရှင်မှာ ကိုယ်တော်ပင် ဖြစ်ပါသည်။ ကိုယ်တော်သည် သေခြင်းကို အစိုးရတော်မူသောအရှင်လည်း ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့အသက်တာ၌ ငါသည် ငါပင်ဖြစ်သည်ဟူသော အရှင်ကို သိရှိ၊ သိကျွမ်းတော်စပ်ပြီးမှ နီးကပ်စွာ အသက်ရှင်နေသူဖြစ်ဖို့ လိုအပ်ပါသည်။

> *ကျွန်ုပ်တို့လို အပ်ချက်သည် ကျန်းမာရေးလား၊ အိမ်ထောင်ရေးပြဿနာလား၊ စီးပွားရေးလား၊ ငွေကြေးခက်ခဲမှုလား။ ထိုကဏ္ဍတိုင်းအတွက် ကယ်တင်သောနာမသည် ငါဖြစ်သည့်အတိုင်း ငါဖြစ်၏ဟု နာမရှိသော*

## ကောင်းကင်အောက် မြေကြီးပေါ်၌မရှိ

ယနေ့ လူတို့သည် လောကအရာတို့အပေါ် အာရုံထား၍ အသက်ရှင်ကြသည်။ လောကပညာကို အခြေပြု၍ တွက်ချက်စဉ်းစားကြသည်။ နေ့စဉ် ကုန်ကျစရိတ်ကို ချင့်တွက်ပြီးမှ လက်ဝယ်ရှိသည့် ငွေကလေး ကုန်သွားသည့်အခါ မည်သို့ဆက်၍ အသက်ရှင်မည်ကို တွေးပူတတ်ကြပါသည်။ ငွေမရှိလျှင် ဒုက္ခရောက်မည်ကို စိုးရိမ်ကြသည်။ ပညာမတတ်လျှင်လည်း ဒုက္ခတွေ့မည်ကို စိတ်ပူကြသည်။ ငွေမရှိ၊ ပညာမရှိ၍ ဒုက္ခ မရောက်နိုင်ပါ။ အသက်ရှင်သော ဘုရားကိုမသိရှိပါက ဧကန်အမှန် ဒုက္ခရောက်ရမည်ဖြစ်သည်။ ဓမ္မသစ်ကာလ ကူးပြောင်းလာသည့်အခါ ဘုရားရှင်ကငါ၏နာမကို အမှီပြု၍တောင်းကြလော့ဟု မွတ်ဆိုပါသည်။ ထိုအရှင်သည် ခရစ်တော်ယေရှုဖြစ်ပါသည်။ ကိုယ်တော်သည် ကယ်တင်ရှင်ဖြစ်ပါသည်။ ပြဿနာလိုအပ်ချက်တိုင်းအတွက် သခင်ခရစ်တော်၏နာမကို အမှီပြု၍မြည်းစမ်းနိုင်ပါသည်။ သတင်းစကား ကြားရုံမျှဖြင့် ကျေနပ်၍ မနေသင့်ပါ။ လက်တွေ့မြည်းစမ်းခြင်းအားဖြင့် အဖြေရရှိပါက ထိုနာမသည် အမှန်ပင် ခိုလှုံစရာ နာမတော်ဖြစ်ကြောင်း သိရှိလာပေလိမ့်မည်။ ယနေ့ နာမတော်ကို ခေါ်ခြင်းအားဖြင့် အသက်တာထဲ၌ သက်သေရကြသူများစွာ ရှိနေပါသည်။ ထိုသို့များစွာသောသူများ သက်သေရနေပါလျှက် သင့်အသက်တာ၌ သက်သေမရသေးပါက ယခုပင် သခင်ယေရှုနာမ၌ ခေါ်ကြည့်နိုင်သည်။ သင့်အသက်တာ၌ ကျမ်းစာအသိရှိသော်လည်း သက်သေမရှိသေးပါက နှုတ်ကပတ်တော်မမြည်သေးပါ။ ကြားသည့်အတိုင်း သိသည့်အတိုင်း မြည်းစမ်းခေါ်ကြည့်၍ သက်သေရပြီးပါက နှုတ်ကပတ်တော်နှင့် ရှင်သန်သူဖြစ်ပါသည်။ အချို့သော ဟောပြောဝေငှသူများသည် သင်ကြားထားသော ကျမ်းစကားကို သက်သေမရှိသေးပဲ ဟော

ကြားကြသည်။ ထိုသူများသည် အသိတရားကို ဆင့်ပွားခြင်းသာဖြစ်ပြီး လက်တွေ့သက်သေရသည့် နှုတ်ကပတ်ကို ပြောကြားနေခြင်းမဟုတ်ပါ။ အသိတရားသာရှိသူနှင့် လက်တွေ့သက်သေ ခံစားထားရသူနှစ်ဦးတို့၏ အသက်တာသည် များစွာ ခြားနားပါသည်။ ထိုအရှင်၏ သက်သေကို အသက်တာထဲ၌ လက်တွေ့ခံစားထားရသော တမန်တော်ကြီးရှင်ပေတရုက ထိုအရှင်၏နမတော်မှတပါး ငါတို့ကို ကယ်တင်နိုင်သောနာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် မြေကြီးပေါ်၌ မပေါ်မရှိဟု သက်သေခံထားပါသည်။ (တမန် ၃)တွင် ထိုအရှင်၏ နာမတော်အားဖြင့် အမိဝမ်းတွင်းကပင် ခြေမစွမ်းသောသူတစ်ဦးသည် ထ၍ လှမ်းသွားကြောင်း တွေ့ရသည်။ ထို့ပြင် မြေကြီးပေါ် အကြင်အရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ၏နာမ၌ စုဝေးကြသည့်အခါ ကိုယ်တော်ရှိကြောင်းသက်သေကို ယနေ့ ကျွန်ုပ်တို့နာမတော်၌ ဆုတောင်း၍ အဖြေရနေခြင်းက သက်သေထင်ရှားပါသည်။ ထိုသက်သေနှင့် ရှင်သန်နေရသော ယုံကြည်သူတို့၏အသက်တာသည် လောကကြီးထဲ၌ ငြီးငွေ့စရာ စိတ်ပျက်စရာ၊ ဝမ်းနည်းစရာ၊ စိုးရိမ်စရာမရှိပါ။ ယနေ့ ကျွန်ုပ်တို့ တစ်ဦးစီသည် မည်သို့သောအသက်တာ၌ ရှင်သန်နေကြပါသနည်း။ ငါသည် ငါပင်ဖြစ်သည်ဟူသောနာမရှိသည့်အရှင်နှင့် ပုဂ္ဂိုလ်ချင်း ထိတွေ့သိရှိပြီးလား။ ထိုအရှင်နှင့် ထိတွေ့သိရှိမှုမရှိသေးပါက ယခုပင် ကိုယ်တော်၏ နာမကို မြည်းစမ်းခေါ်ကြည့်ခြင်းအားဖြင့် သက်သေကို ခံစားနိုင်ဖို့ ကျွန်ုပ်တို့အသက်တာများကို ပြင်ဆင်ကြဖို့ မေတ္တာနှင့် အသိပေးဝေငှလိုက်ရပါသည်။

**နာမတော်မြတ်၌**

**အုတ်မာ**

## သက်သေခံချက်

ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းရင်း သက်သေခံလိုပါတယ်။ ကျွန်မ လက်မောင်းမှာ အကြိတ်အနာနဲ့ ပါးစပ်မှာ အနာဖြစ်ပါတယ်။ ဆရာဝန်နဲ့ သွားမပြဘဲ ကျွန်မဆုတောင်းပါတယ်။ ခွဲရမှာ ကြောက်တာက တစ်မျိုး၊ ပိုက်ဆံကုန်မှာလည်း ကြောက်လို့ ကျွန်မ ဘုရားသခင်ကိုပြောပြီး ဆုတောင်းပါတယ်။ ကျွန်မကိုယ်တိုင် သောက်တဲ့ဆေးနဲ့ လိမ်းတဲ့ဆေးတွေကို ဘုရားသခင်တန်ခိုးတော် ပါရှိပြီး ပျောက်ကင်းစေပါ။ ဘုရားကျောင်းမှာလည်း ရှေ့ထွက်ပြီး ဆီလူး ဆုတောင်းခံပါတယ်။ ဘုရားသခင် ကျေးဇူးတော်ကြောင့် ကျွန်မအနာ အကြိတ်ဟာ မခွဲမစိတ်ရဘဲ ပျောက်ကင်းရတဲ့အခွင့်ကို ရခဲ့ပါတယ်။ ဘယ်အရာကို မဆို၊ ယုံယုံကြည်ကြည်နဲ့ ဆုတောင်းလျှင် ရရှိကြောင်း ချီးမွမ်းရင်း သက်သေခံလိုက်ပါတယ်။

ဒေါ်အက်စတာ

## သက်သေခံချက်

သက်သေခံခွင့်ပေးတဲ့ ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ လွန်ခဲ့တဲ့ ကြသပတေးနေ့ (၁၈)နေ့ နံနက် အိပ်ရာက ထတော့ ကျွန်မဘယ်ဘက်မျက်စေ့မှာ သွေးရောင် ဖြစ်နေတာ တွေ့ရပါတယ်။ ကျွန်မ အစ်မ ဆရာဝန်ကို ဖုန်းဆက်တော့ လာကြည့်ပြီး ညက သွေးတိုးတတ်လို့ မျက်စိသွေးကြောပေါက်သွားကြောင်း ပြောပါတယ်။ သွေးတိုးသော်လည်း မည်သည့်ဘေးဒုက္ခမှ မရောက်ဘဲ မျက်စိသွေးကြောကလေးသာ ပေါက်ခွင့်ပေးသောဘုရားသခင်ကို ကျေးဇူးတင်ကြောင်း ကျွန်မကျေးဇူးတော်ကို ချက်ချင်း ချီးမွမ်းလိုက်ပါတယ်။ (၂၁)ရက် တနင်္ဂနွေနေ့ ဘုရားကျောင်းပြီးတော့ ဆရာကြီးဦးတင်မောင်ထွန်းထံမှာ ဆုတောင်းခံခဲ့ပါတယ်။ တနင်္လာနေ့ နံနက် ထတော့ မျက်စိပြန်လည် ဖြူလာကြောင်း တွေ့ရပါတယ်။ မည်သည့် မျက်စဉ်းမှ မခတ်ရဘဲ၊ မည်သည့်ဆေးမှ မစားရဘဲ ဆုတောင်းခြင်း သက်သက်ဖြင့် လေးရက်အတွင်း မျက်စိပြန်လည် ဖြူစင်ကောင်းမွန်ခွင့်ကို ပေးတော်မူသော ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်း ကျေးဇူးတော်ကို သက်သေခံပါတယ်။

မအေးအေးမှန်

## သက်သေခံချက်

ဘုရားရှင်ရဲ့ကျေးဇူးပြုတော်ကြောင်းကို သက်သေခံခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အပါတ်စဉ် (၈)မိုင် ဘုရားကျောင်းမှာ ထွက်ပြီး မိမိကျန်းမာရေး၊ ခင်ပွန်းရဲ့ အလုပ်အကိုင်နှင့် မိမိ၏မိသားစု၊ မိမိအသင်းတော်အတွက် ဆုတောင်းခံလေ့ရှိပါတယ်။ ယခု ညီမ(၂)ယောက်အလုပ်အကိုင်အတွက် ဆုတောင်းခြင်းမှ အဖြေရရှိတဲ့အတွက် ကျေးဇူးချီးမွမ်းပါတယ်။ (၁)လခန့် စောင့်ဆိုင်းပြီးမှ ရတဲ့အလုပ်ဟာလဲ လစာမဆိုးဘဲ၊ အလုပ်ရှင်ကလည်း ကောင်းမွန်တဲ့ အလုပ်ရှင်ကို ဘုရားသခင်ပေးတဲ့အတွက် ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မ ကျန်းမာရေးမကောင်းဘဲ အလုပ်လုပ်ပေမဲ့ အလုပ်ရှင်က လက်ခံပြီး ဂရုစိုက်တဲ့အတွက် ကျေးဇူးတော် ချီးမွမ်းပါတယ်။ ဘုရားရှင်က သူ့ကို ခိုလှုံပြီး ဆုတောင်းနေသူများကို မပစ်ပယ်ထားဘူးဆိုတာ သိရတဲ့အတွက် ဘုရား ၏ကျေးဇူးတော်နှင့် ကောင်းမြတ်ခြင်းကို သက်သေခံပါတယ်။

သီတာလတ်

## သက်သေခံချက်

ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်တော်ဟာ Taxi မောင်းပါတယ်။ ၁. ၉. ၂၀၀၈ နံနက်မှာ ကျွန်တော်၏ကားနဲ့ စက်ဘီးစီးလာတဲ့ လူနဲ့ ယာဉ်တိုက်မှု ဖြစ်သွားပါတယ်။ တိုက်ခံရတဲ့လူဟာ အသက် ၇၄နှစ်ရှိတဲ့ ယုံကြည်သူကရင် ဖြစ်ပါတယ်။ ဖြစ်ဖြစ်ချင်း ဆေးရုံကို ပို့လိုက်ပါတယ်။ အဲဒီအန်ကယ်ကြီးကို ဆရာဝန် စစ်ဆေးနေချိန်မှာ ကျွန်တော်ဟာ ဘုရားကို ဆုတောင်းပါတယ်။ အန်ကယ်ကြီး ဘာမှမဖြစ်ဖို့နဲ့ ဤအမှုကို ဘုရားမစ၊ ကွယ်ကာဖို့ ဆုတောင်းပါတယ်။ တကယ်ပဲ ဘုရားရှင် ကွယ်ကာမစပါတယ်။ အန်ကယ်ကြီးလဲ ဘာမှမဖြစ်ပါဘူး။ လူအနေနဲ့ စဉ်းစားရင် တကယ်ပဲ အံ့ဩဘွယ်ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ကားမီးလုံးတွေ ကွဲသွားတယ်။ ဘက်ကြည့် မှန်ကြိုးတယ်။ တိုက်ခံရတဲ့လူတော့ ဘာမှမဖြစ်ဘူး။ တကယ်ပဲ ဘုရားရှင် ကွယ်ကာတာ အမှန်ဖြစ်ပါတယ်။ ဤအမှုမှာ ကွယ်ကာမစတဲ့ ဘုရားရှင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းရင်း သက်သေခံပါတယ်။

ဦးဖိလစ်

## အသိပေးအကြောင်းကြားခြင်းနှင့် ညွှန်ကြားချက်ထုတ်ပြန်ခြင်း

ဟေဗြုန်သင်းအုပ်ဓမ္မကောလိပ်မှ ကျောင်းလွန်သွားကြခဲ့သော သင်းအုပ်သင်တန်း အပတ်စဉ်(၁)မှ အပတ်စဉ် (၉)အထိ တက်ရောက်အောင်မြင်ပြီးကြသော ကျောင်းသား/သူ၊ ဆရာ/မ များခင်ဗျား မိမိတို့၏ အမှုတော်ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် တစ်ဆင့်တိုးဘွဲ့ကို ရယူလိုသူများသည် ကျောင်းမှထုတ်ပြန်ထားသော ညွှန်ကြားချက်များကို သေချာစွာ ဖတ်ရှုပြီးနောက် ညွှန်ကြားထားသည့်အတိုင်း အချိန်မှီ လျှောက်ထားနိုင်ပါသည်။

ညွှန်ကြားချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ လျှောက်ထားကြမည့် ဆရာ/ဆရာမများသည် (၈. ၂. ၀၉) ရက်နေ့တွင် မှော်ဘီ သင်းအုပ်ဓမ္မကောလိပ်တွင် လာရောက် စာရင်းသွင်းရပါမည်။
၂။ (၉. ၂. ၀၉) မှ (၁၁. ၂. ၀၉)ရက်နေ့ အထိ မိမိတို့ကိုယ်တိုင် စာတမ်းများကို ဘွဲ့ပေးရန် စီစစ်ရေးဘုတ်အဖွဲ့ရှေ့တွင် ဖတ်ကြားတင်သွင်းရမည်။
၃။ မိမိတို့၏ စာတမ်းများကို (၂)စုံ ယူဆောင်လာရမည်။
၄။ ဆရာ/ဆရာမ များသည် စားစရိတ်နှင့် ဘွဲ့ကြေးအတွက် ကျပ်(၁၀၀၀၀) ပေးသွင်းရမည်။
၅။ အသွား/အပြန်စရိတ်ကို မိမိတို့၏ အစီအစဉ်ဖြင့်သာ တာဝန်ယူရမည် ဖြစ်သည်။
၆။ Dip.Min ဒီပလိုမာကို လျှောက်ထားသူသည် မိမိ၏လုပ်ဆောင်ချက်များကို Reseach Paper A4 စာမျက်နှာ (၁၅)မျက်နှာ ရေးသားတင်ပြနိုင်ရမည်။
၇။ B.Min ဒီဂရီဘွဲ့ကို လျှောက်ထားသူသည် မိမိ၏လုပ်ဆောင်ချက်များကို Reseach Paper A4 စာမျက်နှာ(၃၀) မျက်နှာရေးသားတင်ပြနိုင်ရမည်။

**မှတ်ချက်**။ ။မိမိတို့၏ လက်တွေ့ လုပ်ဆောင်ချက်များကို Reseach Paper တွင်ရေးထားသည့်အတိုင်း ဟုတ်မှန်ကြောင်းကို အသင်းတော်၏အတွင်းရေးမှူးမှဖြစ်စေ၊ နယ်အတွင်းရေးမှူးမှဖြစ်စေ၊ သင်းအုပ်ဆရာမှဖြစ်စေ ထောက်ခံချက်တံဆိပ်နှင့် လက်မှတ်ရေးထိုးထားသည့် စာတမ်းများကိုသာ လက်ခံစဉ်းစားမည်ဖြစ်သည်။ဘွဲ့လက်မှတ်များကို လျှောက်ထားပြီး ကိုယ်တိုင်တက်ရောက်နိုင်ခြင်းဖြင့် မရှိသော ဆရာ/မများအနေဖြင့် မိမိတို့၏ လိပ်စာအပြည့်အစုံနှင့် မော်ကွန်းထိန်းထံတွင် ဆက်သွယ်၍ ကြိုတင်အကြောင်းကြားပြီး စာတမ်းများကိုပါ အချိန်မှီ ပေးပို့ နိုင်ရမည်ဖြစ်သည်။ ဘွဲ့ယူကြမည့် ဆရာ/မများသည် သတ်မှတ်ထားသောစည်းကမ်း လမ်းညွှန်ချက်များနှင့်အညီ သတ်မှတ်ရက်အမှီ တတ်ရောက်နိုင်ရမည်ဖြစ်သည်။ နောက်ကျမှုရှိပါက ဘွဲ့ပေးရန် စီစစ်ရေး ဘုတ်အဖွဲ့မှ ထိုစာတမ်းများကို လက်ခံစဉ်းစားမည် မဟုတ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

Dr. မျိုးထွန်း (အုပ်ချုပ်မှု/မော်ကွန်းထိန်း)
ဟေဗြုန်သင်းအုပ် ဓမ္မကောလိပ်

---

OPEN DOOR'S EVANGELICAL CHRISTION CHURCH

**အဘယ်သူမျှ မပိတ်နိုင်သောတံခါးကို သင့်ရှေ့၌ ငါဖွင့်ထားပြီ။**
**(ဗျာဒိတ် ၃း၈)**

SHAN CHAUNG, HLAING THARYAR

**တစ်ပါတ်တာ အသင်းတော် အစီအစဉ်များ** (Church Planing Program)

| | | | |
|---|---|---|---|
| **တနင်္ဂနွေနေ့** | နံနက် | ၅း၀၀ - ၆း၀၀ | အာရုံဦးဝတ်ပြုခြင်း (Morning Service) |
| | နံနက် | ၈း၀၀ - ၉း၀၀ | ဓမ္မပညာ (Children & Youth Sunday School) |
| | နံနက် | ၉း၀၀ - ၁၀း၀၀ | သီချင်းသင်ကြားခြင်း (Song Practice) |
| | နံနက် | ၁၀း၀၀ - ၁၀း၃၀ | ချီးမွမ်းခြင်း (Praise & Worship) |
| | နံနက် | ၁၀း၃၀ - ၁၂း၀၀ | စုပေါင်းဝတ်ပြုကိုးကွယ်ခြင်း (Worship Service) |
| | နံနက် | ၁၂း၀၀ - ၁း၀၀ | အနားယူခြင်း (Rest Time) |
| | နံနက် | ၁း၀၀ - ၂း၀၀ | လူငယ်ဝတ်ပြုခြင်း (Youth Service) |
| **ဗုဒ္ဓဟူးနေ့** | နံနက် | ၉း၀၀ - ၁၂း၀၀ | အစာရှောင်ဆုတောင်းခြင်း (Intercessor) |
| | ည | ၇း၀၀ - ၈း၀၀ | စုပေါင်း ညဝတ်ပြုခြင်း (Night Service) |
| **စနေနေ့** | ည | ၇း၀၀ - ၈း၀၀ | အိမ်ထောင် အလှည့်ကျဝတ်ပြုခြင်း (Home Cell) |

**မှတ်ချက်**
- တစ်လ၏ပထမပါတ်၊ တနင်္ဂနွေနေ့တိုင်း ပွဲတော်မင်္ဂလာဝတ် ရှိပါသည်။
- တနင်္ဂနွေနေ့ နံနက်တိုင်း၊ လက်တစ်ဆုပ်ဆန် လိုက်လံကောက်ခံပါသည်။

Open doors evangelical Christian Church
Shan Chaung, Hlaing Tha Yar တွင်
မည်သူမဆို လာရောက်ပါဝင် ဝတ်ပြုကိုးကွယ်နိုင်ကြောင်း သခင်ယေရှု၏နာမတော်၌ ဖိတ်ခေါ်အပ်ပါသည်။

Open doors evangelical
Christian Church
ဆရာဦးမန်းခိုင်ဆန်း
FMI အနီး၊ ရှမ်းချောင်း၊ လှိုင်သာယာ၊ ရန်ကုန်မြို့။
ph- 09858-6371 / 09 519-7050



## မာတိကာ စာမျက်နှာ


- ဘုရားသခင်၏ထင်ရှားပြခြင်း ၁
  ညီအစ်ကိုကြီး Dr တင်မောင်ထွန်း
- သခင်ယေရှုကြွလာ ချိန်နီးခြင်း၏ သက်သေ ၄
  ညီအစ်ကိုဦးကပ်ခန့်ခုပ်
- ဝိညာဉ်တော် နှင့်ပြည့်ဝလျက် အစေခံဖို့ရန် ၇
  ညီအစ်ကိုဦးယောသပ်
- ယခုဘဝနောင်ဘဝနှင့်ဆိုင်သော အာမခံချက် ၁၀
  ညီအစ်ကိုဦးတင်မောင်ညို
- ဘုရားသခင်၏မိန့်တော်မူချက်နှင့်အညီ ၁၂
  ညီအစ်ကိုဦးဒယ်နီရယ်
- ငါဖြစ်သည့်အတိုင်း ငါဖြစ်၏ ၁၄
  ဒုတ်မာ
- သက်သေခံချက်များ ၃၊၆၊၁၅